# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာအကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်၊ သောကြာနေ့။ Friday, 27 January 2023 ၁၀၉၉၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ စက်ခလုတ်နှိပ်၍ မင်္ဂလာစက်ယန္တရားများဖြင့် စတင်ပင့်ဆောင်ပူဇော်စဉ်။

# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားကိုးကွယ်ရန် ဆောင်ရွက်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ကျင်းပပြုလုပ်သည်။

အဆိုပါမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ နှင့် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊ မဟာဓမ္မ ကထိက ဗဟုဇနဟိတဓရ၊ ရွှေကျင်နိကာယဥက္ကဋ္ဌ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြည်ညိုကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂


**ယနေ့ ဖတ်စရာ**


နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပြဋ္ဌာန်း
စာမျက်နှာ » ၆

အစိုးရစမ္မာစရိယ စာမေးပွဲအချိန်ဇယား ကြေညာ
စာမျက်နှာ » ၁၂

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တတိယနေ့ တွေ့ဆုံဆွေးနွေး
စာမျက်နှာ » ၉

မြန်မာသံရုံး လန်ဒန်မြို့၏ တုံ့ပြန်ချက် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ယုံတမ်းပြောစကားများနှင့် ဖြစ်ရပ်မှန်များ
စာမျက်နှာ » ၁၃

ကြေးမုံ

# မူဝါဒမျှော်မှန်းချက်စီမံကိန်း အောင်မြင်ရေးကြိုးပမ်း

မြန်မာနိုင်ငံ၏ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများ၊ မျှော်မှန်းချက်များ ချမှတ်ဆောင်ရွက်ရာတွင် ပြည်ပသွင်းကုန်လျှော့ချရေးနှင့် ပြည်တွင်းထုတ်ကုန်မြင့်မားရေးကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် သတ်မှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ပြည်ပသွင်းကုန်လျှော့ချရေး၌ အများပြည်သူသွားလာရေးတွင် မရှိမဖြစ်လိုအပ်သော မော်တော်ယာဉ်နှင့်စက်သုံးဆီဆိုင်ရာလိုအပ်ချက်များမှာ နှစ်စဉ်မြင့်မားလျက်ရှိသဖြင့် လျှော့ချရေးဆိုင်ရာမူဝါဒ၊ လုပ်ငန်းစဉ်များကို မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ် စာရင်းအင်းအချက်အလက် မှတ်တမ်းများအရ မော်တော်ယာဉ်မျိုးစုံတစ်သန်းကျော်နှင့် မော်တော်ဆိုင်ကယ်မျိုးစုံ ခြောက်သန်းကျော်ရှိနေရာ အဆိုပါယာဉ်အမျိုးမျိုးအတွက် စက်သုံးဆီ ပြည်ပမှတင်သွင်းမှုမှာ တန်ချိန် ၄ ဒသမ ၁၂ သန်းကျော်ရှိပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၄၉၆ ဒသမ ၆၅၂ သန်းရှိခဲ့သည်။ နှစ်စဉ်လည်း စက်သုံးဆီလိုအပ်ချက် မြင့်တက်လျက်ရှိပြီး ကမ္ဘာ့စက်သုံးဆီဈေးနှုန်း မြင့်မားလာမှုနှင့်အတူ မြန်မာနိုင်ငံ၏ စက်သုံးဆီလိုအပ်ချက်လည်း မြင့်မားနေသဖြင့် စက်သုံးဆီချွေတာရေးနှင့် အစားထိုးအသုံးပြုနိုင်ရေး နည်းလမ်းအမျိုးမျိုးတို့ကို စီစဉ်ဆောင်ရွက်နေသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအချို့တွင် လျှပ်စစ်သုံးယာဉ်များကို အဆင့်မြင့်တင်ထုတ်လုပ်ပြီး အများပြည်သူတို့ အသုံးပြုနေကြပြီဖြစ်ရာ စက်သုံးဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနေသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင်လည်း လျှပ်စစ်မော်တော်ယာဉ်များ အသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၁)တွင် စက်သုံးဆီလျှော့ချနိုင်သည့်နည်းလမ်းများကို ရှာဖွေဆောင်ရွက်ရန်လိုပြီး လျှပ်စစ်ဘတ်စ်ကားများနှင့် လျှပ်စစ်အိမ်သုံးယာဉ်များအသုံးပြုနိုင်ရေး ရည်မှန်းဆောင်ရွက်ရန် လမ်းညွှန်ထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ခရီးတိုမြို့တွင်းပြေးဆွဲသည့် လျှပ်စစ်မော်တော်ယာဉ်များထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်သွားရန် လမ်းညွှန်မှုပြုခဲ့သဖြင့် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီကို ၂၀၂၂ ခုနှစ် ဇွန်လ ၂ ရက်နေ့တွင်လည်းကောင်း၊ လုပ်ငန်းကော်မတီ (၅) ရပ်ကို ၂၀၂၂ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင်လည်းကောင်း ဖွဲ့စည်းခဲ့ပြီး မူဝါဒများချမှတ်ခြင်း၊ လျှပ်စစ်သုံးယာဉ်အသုံးပြုမှုအတွက် အခွန်အခကင်းလွတ်ခွင့်များ၊ အမြတ်သက်သာခွင့်များ ဖော်ဆောင်ပေးခြင်း၊ လိုအပ်သည့် အမိန့်ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ခြင်း၊ အများသုံး Charging Station တည်ဆောက်ခြင်းတို့ကို အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်မူဝါဒ မျှော်မှန်းချက်အတိုင်း ပြည်တွင်း၌ လျှပ်စစ်သုံးယာဉ်များတွင်ကျယ်စွာအသုံးပြုနိုင်ရေး ကနဦးရှေ့ပြေးစီမံကိန်း(Pilot Project)ကာလကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ သတ်မှတ်ထားပြီး လျှပ်စစ်သုံးယာဉ်ကဏ္ဍတွင် ဆောင်ရွက်လိုသည့်ကုမ္ပဏီများမှ တင်ပြသည့် အဆိုပြုလွှာများကို စိစစ်၍ လျှပ်စစ်သုံးယာဉ်များ တင်သွင်းနိုင်ရေး၊ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး၊ အများသုံး Level-3 အဆင့် Charging Station များတည်ဆောက်နိုင်ရေး၊ After Sale Services လုပ်ငန်းများကို အာမခံစနစ်ဖြင့် ဆောင်ရွက်နိုင်ရေးတို့ကို ညှိနှိုင်းဆွေးနွေးခွင့်ပြုပေးလျက်ရှိရာ ဦးဆောင်ကော်မတီခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံသို့ ပထမအကြိမ်အဖြစ် လျှပ်စစ်ယာဉ်နှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခဲ့သည်။

ယခုရောက်ရှိလာသော လျှပ်စစ်ယာဉ်များသည် တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် BYD အမျိုးအစား E2 Model ဖြစ်ပြီး လူစီးနှင့် အငှားယာဉ်အဖြစ် စမ်းသပ်ပြေးဆွဲအသုံးပြုမည့် လျှပ်စစ်သုံးမော်တော်ယာဉ်များဖြစ်သည်။ အများပြည်သူအသုံးပြုနိုင်ရေးအတွက် လျှပ်စစ်သုံးအငှားယာဉ်များကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အခြေပြု၍ အငှားယာဉ် ၁၀ စီး၊ နေပြည်တော် သပြေကုန်းဈေးတွင် အခြေပြု၍ အငှားယာဉ် ၁၀ စီး စမ်းသပ်ပြေးဆွဲမည်ဖြစ်သည်။ စုစုပေါင်းတင်သွင်းလာသည့် လျှပ်စစ်သုံးယာဉ်အစီး ၄၀ ကို ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များပါဝင်သည့် ပူးပေါင်းအဖွဲ့များဖြင့် ထုတ်ပြန်ထားသည့် စံချိန်စံညွှန်းသတ်မှတ်ချက်များ၊ ခွင့်ပြုထားသည့် လိုင်စင်ပါဖော်ပြချက်များနှင့်ကိုက်ညီမှု ရှိ၊ မရှိတို့ကို စစ်ဆေးဆောင်ရွက်ပေးခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ စက်သုံးဆီလိုအပ်ချက်မြင့်မားနေမှုကို လျှော့ချနိုင်မည့် လျှပ်စစ်မော်တော်ယာဉ်အသုံးပြုခြင်းဆိုင်ရာ လုပ်ငန်းစီမံကိန်းများ မြန်မာနိုင်ငံတွင် လက်တွေ့အောင်မြင်စွာအကောင်အထည်ပေါ်လာမည်ဟု ယုံကြည်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နွယ်နီထွန်း ကို ယင်းဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## သံအမတ်ကြီး ဦးလွင်ဦး ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂၇

ကာဇက်စတန် သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးလွင်ဦးသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် ကာဇက်စတန်သမ္မတနိုင်ငံ အက်စတာနာမြို့ရှိ Presidential Palace "Akorda" ၌ ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ မစ္စတာကတ်ခ်ဆန် ဂျိုးမာ့တ် တိုးကာရော့ဗ်ထံသို့ ပေးအပ်ခဲ့ပြီး ဖြစ်သည်။

သတင်းစဉ်



သံအမတ်ကြီး ဦးလွင်ဦး ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်စဉ်။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၆- ၁ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၆၀၀ | ၅၂၂ | ၄,၄၈၉,၂၀၀ |
| MTSH | ၃,၂၀၀ | ၃,၃၀၀ | ၂၂၃ | ၇၂၃,၆၀၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၆၅ | ၄၈၇,၅၀၀ |
| FPB | ၁,၈၀၀ | ၁,၈၀၀ | ၃,၈၅၉ | ၆,၉၄၆,၂၀၀ |
| TMH | ၂,၆၅၀ | ၂,၆၅၀ | ၀ | ၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၁၀ | ၂၆,၀၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၃၂၀ | ၁,၅၆၈,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇန်နဝါရီ ၂၆

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၈၈.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၉.၅၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၄.၀၉၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၉၄.၆၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၇၅၂ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၉၁.၉ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၆၀၀.၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၆၁၆.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၇၀.၂၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

## တိုင်းရင်းသားများ စည်းလုံးအားဖြင့် လက်တွဲမပျက် ရှေ့သို့ဆက်

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားတွင် ဆရာတော်ကြီးများက သမန္တာမှစ၍ မေတ္တာသုတ်၊ အာဋာနာဋိယသုတ်၊ ဓဇဂ္ဂသုတ်၊ ပုဗ္ဗဏှသုတ် ပရိတ်တော်များနှင့် ဇယမင်္ဂလာ ဂါထာတော်များ ရွတ်ပွားသရဇ္ဈာယ်တော် မူကြစဉ်။





နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ရတနာပလ္လင်တော် အထောက်အကူပြု သံမဏိစင်အား ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်၍ သိဒ္ဓိမင်္ဂလာ ဆင်ယင်စဉ်။



သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ရွှေကျင်နိကာယဥက္ကဋ္ဌ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ရတနာပလ္လင်တော်အား ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်၍ သိဒ္ဓိမင်္ဂလာ ဆင်ယင်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာပလ္လင်တော်အား ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်၍ သိဒ္ဓိမင်္ဂလာ ဆင်ယင်စဉ်။

**❂ ရှေ့ဖုံးမှ**

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး မာရဝိဇယ ဗုဒ္ဓပူဇာဘွဲ့သီချင်းဖြင့် သီကျူးပူဇော်၍ မင်္ဂလာငွေခရု၊ အောင်စည် အောင်မောင်းတို့ကို အောင်ကြောင်း မင်္ဂလာအဖြစ် သုံးကြိမ် တီးခတ်ပူဇော်ကြသည်။ ထို့နောက် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော် မူကြသည့် သမန္တာမှစ၍ မေတ္တာသုတ်၊ အာဋာနာဋိယသုတ်၊ ဓဇဂ္ဂသုတ်၊ ပုဗ္ဗဏှသုတ် ပရိတ်တော်များနှင့် ဇယမင်္ဂလာ ဂါထာတော်များကို နာယူကြည်ညိုကြပြီး ဘုရားဒါယကာ၊ ဒါယိကာမများက ရတနတ္တယပူဇာ ဂါထာတော်နှင့် သဗ္ဗသင်္ဂါဟက မေတ္တာပို့လက်ာတို့ကို သံပြိုင်ညီညာ ရွတ်ဆိုပွားများ ပူဇော်ကြသည်။

ယင်းနောက် ဆရာတော်ကြီးများ အမှူးပြု၍ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ရတနာပလ္လင်တော်အနီးရှိ သတ်မှတ်နေရာများတွင် နေရာယူကြပြီး ရတနာပလ္လင်တော်၊ ရတနာပလ္လင်တော် အထောက်အကူပြုသံမဏိစင်၊ ဆင်းတုတော်ထည့်သွင်းထားသည့် သံမဏိပန်းတောင်း၊ ဆင်းတုတော်အား ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ပူဇော်မည့် သံမဏိမျှော်စင်ကရိန်း နေရာလေးခုတို့အား ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်၍ သိဒ္ဓိမင်္ဂလာ ဆင်ယင်သည်။

**စတင် ပင့်ဆောင်ပူဇော်**

ဆက်လက်၍ အခမ်းအနားမှူးက မင်္ဂလာအခါတော်စာတမ်းကို ဖတ်ကြားပြီး မင်္ဂလာအချိန်တော်တွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ စက်ခလုတ်နှိပ်၍ မင်္ဂလာစက်ယန္တရားများဖြင့် စတင်ပင့်ဆောင်ပူဇော်သည်။

ထို့နောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ခြင်း လုပ်ငန်းများကို လုပ်ငန်းစဉ်အလိုက် ဆက်လက်ဆောင်ရွက်ရာ သံဃာတော် အရှင်သူမြတ်များ ဦးဆောင်၍ **“ဇယန္တော ဗောဓိယာ မူလေ”** အစချီသည့် ဇယမင်္ဂလာ အောင်ဂါထာတော်များကို ရွတ်ဆို ပူဇော်ကြသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ပူဇော်ရာတွင် ရတနာပလ္လင်တော်သည် အမြင့် ၁၈ ပေ၊ အလျား ၇၂ ပေ၊ အနံ ၅၄ ပေရှိကာ ယနေ့ပင့်ဆောင်သည့် ဆင်းတုတော်အပိုင်း(၁/၂/၃) တို့ကိုတွဲဆက်ထားသည့် ဆင်းတုတော် အစိတ်အပိုင်းကြီး၏ စုစုပေါင်း အလေးချိန်မှာ တန် ၁၇၀၀ ဖြစ်ကြောင်း၊ အဆိုပါ ဆင်းတုတော် အစိတ်အပိုင်းကြီးအား သံမဏိမျှော်စင် ဝန်ချီစက်အသုံးပြု၍ ရတနာပလ္လင်တော်ပေါ်သို့ စတင်ပင့်ဆောင်ခြင်းဖြစ်ပြီး ရတနာပလ္လင်တော်ပေါ်သို့ ရောက်ရှိရန် ပင့်ဆောင်ချိန် ၇၂ နာရီခန့် ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **စာမျက်နှာ ၄ သို့ ❂**




ဆရာတော်ကြီးများ အမှူးပြု၍ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆရာတော်ကြီးများ၏ သိရှိလိုသည်များကို ရှင်းလင်းလျှောက်ထားပြီး ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူစဉ်။



ဆရာတော်ကြီးများ အမှူးပြု၍ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရှင်းလင်းဆောင်၌ ဗန်းမော်ဆရာတော်ကြီး၊ သီတဂူဆရာတော်ကြီးတို့ အမှူးပြုသည့် သံဃာတော်များထံမှ ဩဝါဒများ ခံယူစဉ်။

❂ စာမျက်နှာ ၃ မှ

ဆက်လက်ပြီး အောင်ဆုမင်္ဂလာအမျှဝေစာတမ်းလွှာ ဖတ်ကြား၍ မေတ္တာပို့ အမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကာ မဟာမင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကြသည်။

### ဩဝါဒခံယူ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ခြင်း၊ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ သာသနိကအဆောက်အအုံများ ထည့်သွင်း တည်ဆောက်ခြင်း၊ ပိဋကတ်ကျမ်းစာအုပ်များကို ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့် ရိုက်နှိပ်ရန် စီမံဆောင်ရွက်ခြင်းတို့နှင့်ပတ်သက်၍ ဗန်းမော်ဆရာတော်ဘုရားကြီး၊ သီတဂူဆရာ တော်ဘုရားကြီးတို့ အမှူးပြုသည့် သံဃာတော်များထံမှ ဩဝါဒများကို ခံယူသည်။

ထို့နောက် ဆရာတော်ကြီးများ အမှူးပြု၍ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆရာတော်ကြီးများ သိရှိလိုသည်များကို ရှင်းလင်းလျှောက်ထားခဲ့ပြီး ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူသည်။

### ရည်ရွယ်ချက် ၄ ရပ်

အဆိုပါ "မာရဝိဇယ" ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို **မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကို ပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်းပြည်ပဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှု ဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူဖြစ်စေရန်** စသည့် ရည်ရွယ်ချက် ၄ ရပ်ဖြင့် တည်ထားကိုးကွယ်ရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် စကျင်ကျောက်တော်ကြီးမှ ထွက်ရှိလာနိုင်သည့် အတိုင်းအတာ၊ ထုထည်နှင့် အပြစ်အနာ အဆာရှိမှုများအား သိရှိနိုင်ရန် X-Ray ရိုက်စမ်းသပ်စစ်ဆေးခဲ့ကာ ဉာဏ်တော်နှင့် ပလ္လင်တော်များ ထုဆစ်ရရှိနိုင်မည့် အခြေအနေများကို လေ့လာတွက်ချက်ခဲ့ကြောင်း၊ ထို့နောက် စကျင်ကျောက်တော်ကြီး တည်ရှိရာ မတ္တရာမြို့နယ် စကျင်တောင်မှ ဆီမီးခုံဆိပ်ကမ်းအထိ ရေလမ်းကြောင်းဖြင့် လည်းကောင်း၊ ထိုမှတစ်ဆင့် မန္တလေး-ရန်ကုန် အမြန်လမ်းအတိုင်း နေပြည်တော်သို့ Modular Trailer များဖြင့်လည်းကောင်း အခက်အခဲများစွာကြားမှ ပင့်ဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ **စာမျက်နှာ ၅ သို့** ❂



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သံမဏိမျှော်စင်ဝန်ချီစက်အသုံးပြု၍ ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ပူဇော်လျက်ရှိရာ ဇန်နဝါရီ ၂၆ ရက် ည ၁၂ နာရီတိတိတွင် ၂၆ ဒီဂရီအထိ ရောက်ရှိနေမှုကို ဖူးတွေ့ရစဉ်။

❂ စာမျက်နှာ ၄ မှ

နေပြည်တော်သို့ ရောက်ရှိလာသည့် ကျောက်တုံးတော်ကြီးများကို အဆင့်မြင့် နည်းပညာဖြစ်သည့် CNC Machine များဖြင့် ပုံဖော်ထုဆစ်ခြင်း လုပ်ငန်းများကို ကျွမ်းကျင်ပညာရှင်များ၊ ခေတ်မီစက်ကိရိယာများဖြင့် နေ့မအား၊ ညမနား ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

ထိုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီး ထုဆစ်နေသည့် နည်းတူ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်း သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ ကျင်းပပြုလုပ်နိုင်မည့် သံဃာအပါး ၁၂၀၀ နှင့် လူပရိသတ်များ ဝင်ဆံ့နိုင်သော သာသနာ့ဗိမာန်တော်ကြီး အပါအဝင် အခြားသောသာသနိက အဆောက်အအုံများစွာကိုလည်း ထည့်သွင်းတည်ဆောက်လျက်ရှိကြောင်း၊ ထို့ပြင် ဆရာတော်ကြီးများ၏ ဩဝါဒမိန့်ကြားချက်များအရ ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျမ်းစာများကို ကမ္ဘာကပါ သိရှိနိုင်ရေးအတွက် စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ တည်ထားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထုဆစ်ပြီးစီးသည့် ဗုဒ္ဓမြတ်စွာဘုရား၏ နှုတ်ကပါဌ်တော်လာ ပိဋကတ်သုံးပုံ အဋ္ဌကထာ ဋီကာကျမ်းစာများကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာ ရှေ့မျက်နှာစာ၌ စိုက်ထူပူဇော်လျက်ရှိပြီး ဘုရားဖူးလာ မိဘပြည်သူများအနေဖြင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ချိန်တွင် ကျောက်စာတိုက်အတွင်းရှိ ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာ ဋီကာကျမ်းစာများကို တစ်ပါတည်း လေ့လာနာယူကြည်ညိုနိုင်ရေး စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ပြင် ကမ္ဘာပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဖြန့်ဝေရန်အတွက်လည်း ပိဋကတ် ကျမ်းစာအုပ်များကို ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့် ရိုက်နှိပ်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်းနှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် ဗဟိုမဏ္ဍိုင် ဌာနတွင် ဌာပနာတော် သွင်းလှူပူဇော်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် နံနက် ၈ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အိန္ဒိယသမ္မတနိုင်ငံ (၇၄)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲကျင်းပ



ရန်ကုန် ဇန်နဝါရီ ၂၆

အိန္ဒိယသမ္မတနိုင်ငံ၏ (၇၄)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် သံတမန်လမ်းရှိ အိန္ဒိယသံအမတ်ကြီးနေအိမ်၌ ကျင်းပသည်။

အဆိုပါ ညှော်ခံပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်နှင့် ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွန်း၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားသို့တက်ရောက်လာကြသော ညှော်သည်တော်များအား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးH.E.Mr.Shri Vinay Kumar၊ စစ်သံမှူးနှင့် တာဝန်ရှိသူတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် အိန္ဒိယသမ္မတနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကိုစတင်ဖွင့်လှစ်ပြီး သံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ အိန္ဒိယယဉ်ကျေးမှုအဖွဲ့များက အိန္ဒိယနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် သံအမတ်ကြီးနှင့်ဇနီး၊ စစ်သံမှူးတို့က အခမ်းအနားတက်ရောက်လာသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းညှော်ခံခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပြဋ္ဌာန်း

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ်၊ ၁၅ / ၂၀၁၂**

**၁၃၇၁ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်**

**(၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားရှိသော၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေသော၊ စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးသော နိုင်ငံရေးပါတီများဖွဲ့စည်းနိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

( ခ ) **ကော်မရှင်** ဆိုသည်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဆိုသည်။

( ဂ ) **နိုင်ငံရေးပါတီ** ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ထားသော နိုင်ငံရေးအဖွဲ့အစည်းကို ဆိုသည်။

(ဃ) **ပါတီ** ဆိုသည်မှာ ပြည်ထောင်စုတစ်ဝန်းလုံးတွင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာဖြစ်စေ စည်းရုံးဆောင်ရွက်သည့် နိုင်ငံရေးပါတီကို ဆိုသည်။ ယင်းစကားရပ်တွင် ပါတီ၏ ပါတီအဖွဲ့ခွဲအဆင့်ဆင့်လည်း ပါဝင်သည်။

( င ) **ရွေးကောက်ပွဲ** ဆိုသည်မှာ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲတို့ကို ဆိုသည်။

( စ ) **အထွေထွေရွေးကောက်ပွဲ** ဆိုသည်မှာ လွှတ်တော်ပုံမှန်သက်တမ်း တစ်ရပ်အတွက် ကော်မရှင်က သတ်မှတ်ကျင်းပသည့် ရွေးကောက်ပွဲကိုဆိုသည်။

(ဆ) **ကြားဖြတ်ရွေးကောက်ပွဲ** ဆိုသည်မှာ လွှတ်တော်ပုံမှန်သက်တမ်းတစ်ရပ်အတွင်း မဲဆန္ဒနယ်တစ်ခုခု၌ ရွေးကောက်ပွဲ ရွှေ့ဆိုင်းထားရခြင်းကြောင့်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦး နုတ်ထွက်ခြင်း၊ ကွယ်လွန်ခြင်း၊ ဥပဒေနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခံရခြင်း သို့မဟုတ် တာဝန်မှရုပ်သိမ်းခံရခြင်းကြောင့်ဖြစ်စေ လစ်လပ်လျက်ရှိသော မဲဆန္ဒနယ်များအတွက် အခါအားလျော်စွာ ကော်မရှင်က သတ်မှတ်ကျင်းပသည့် ရွေးကောက်ပွဲကို ဆိုသည်။

( ဇ ) **မဲဆန္ဒနယ်** ဆိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်ကို ရွေးကောက်တင်မြှောက်ရန် ဥပဒေနှင့်အညီ ကော်မရှင်ကသတ်မှတ်သော ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်ကိုဆိုသည်။

( ဈ ) **ပါတီပိုင်ပစ္စည်း** ဆိုသည်မှာ ပါတီပိုင်ရန်ပုံငွေနှင့် ပါတီပိုင်ရွှေ့ပြောင်းနိုင်သောပစ္စည်း သို့မဟုတ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းတို့ကိုဆိုသည်။

(ည) **သာသနာ့ဝန်ထမ်း** ဆိုသည်မှာ အောက်ပါတို့ကိုဆိုသည် -

(၁) ဗုဒ္ဓဘာသာဝင်များအတွက်ဖြစ်လျှင် ဗုဒ္ဓဘာသာသာသနာ့ဝန်ကို ထမ်းရွက်နေသော ရဟန်း၊ သာမဏေ၊ ဖိုးသူတော်၊ မယ်သီလ၊

**ရှင်းလင်းချက်။** သာသနာ့ဝန်ထမ်းဟုဆိုရာတွင် သာသနာရေးဆိုင်ရာ ရဟန်း သို့မဟုတ် သာသနာ့ဝန်ထမ်းအဖြစ် ခေတ္တခံယူထားသူများနှင့်လည်း သက်ဆိုင်စေရမည်။

(၂) ခရစ်ယာန်ဘာသာဝင်များအတွက်ဖြစ်လျှင် ခရစ်ယာန်သာသနာ့ဝန်ကို ထမ်းဆောင်ရန် အဓိကအားဖြင့် မိမိကိုယ်ကို ဆက်ကပ်ပြီးသောပုဂ္ဂိုလ်ဟု သက်ဆိုင်ရာ ခရစ်ယာန်အသင်းတော်ကြီးများ (Churches)က အသိအမှတ်ပြု၍ သိက္ခာပေးထားခြင်းခံရသော သို့မဟုတ် တာဝန်ပေးထားခြင်းခံရသော ပုဂ္ဂိုလ်များနှင့် မိမိတို့ကိုးကွယ်သောဘာသာအရ ဂိုဏ်းချုပ်၏ အုပ်ချုပ်ခြင်းကို ဆန္ဒအလျောက်လက်ခံ၍ ဘာသာရေးစည်းမျဉ်း သို့မဟုတ် အဓိဋ္ဌာန်ပြုချက်ဖြင့် စည်းရုံးထားသော ပုဂ္ဂိုလ်တစ်စုတွင် သို့မဟုတ် အဖွဲ့အစည်းတွင် ပါဝင်သော ပုဂ္ဂိုလ်များ၊

(၃) ဟိန္ဒူဘာသာဝင်များအတွက်ဖြစ်လျှင် ဂုရု၊ ပဏ္ဍိတ၊ မဟန့်၊ စံညာစီ၊ စံညာစိနီ၊ ဆာဒူး (ဆာဒူးကြီး)၊ ဆာဒ်ဝီ၊ ဆွာမိ၊ ဆွာမိနီ အပါအဝင် ဟိန္ဒူဘုန်းတော်ကြီးများ၊

(၄) အစ္စလာမ်ဘာသာဝင်များအတွက်ဖြစ်လျှင် မော်လဝီ သို့မဟုတ် မော်လာနာ၊ ဟာဖိဇ်၊ အီမန်၊ မုဖ်သီ၊ မုဖတ်စိရ်၊ အိုလမာ၊ ပီရ် သို့မဟုတ် မရှာအိခ် အပါအဝင် အစ္စလာမ်ဘာသာ သာသနာ့ဝန်ထမ်းများ။

(ဋ) **ထောင်ဒဏ်ကျခံနေရသူ** ဆိုသည်မှာ တရားရုံးတစ်ခုခု၏ စီရင်ချက်အရ ထောင်ဒဏ်ကျခံနေရသူကို ဆိုသည်။ ယင်းစကားရပ်တွင် သက်ဆိုင်ရာတရားရုံး၏ ထောင်ဒဏ်စီရင်ချက်ကို မကျေနပ်၍ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုလျှောက်ထားသော ထောင်ဒဏ်ကျခံနေရဆဲဖြစ်သူလည်း ပါဝင်သည်။

### အခန်း(၂)
### နိုင်ငံရေးပါတီတည်ထောင်ခြင်းနှင့်မှတ်ပုံတင်ခြင်း

၃။ (က) ပါတီတစ်ရပ်တည်ထောင်၍ ပြည်ထောင်စုတစ်ဝန်းလုံးတွင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာဖြစ်စေ စည်းရုံးဆောင်ရွက်လိုသည့် ပါတီတည်ထောင်လိုသူအနည်းဆုံး ၁၅ ဦးသည် ယင်းတို့တည်ထောင်လိုသော ပါတီ၏အမည်ကိုဖော်ပြ၍ ပါတီဝင်များကို ဥပဒေနှင့်အညီ စည်းရုံးခွင့်ပြုရန် ကော်မရှင်သို့ လျှောက်ထားရမည်။ လျှောက်လွှာတွင် ယင်းတို့သည် ပုဒ်မ ၄ ပါ အချက်များနှင့် ညီညွတ်သူများဖြစ်သည့်အပြင် ပုဒ်မ ၆ ပါ အချက်များကိုလည်း လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးရမည်။

( ခ ) ပုဒ်မခွဲ(က)အရ လျှောက်ထားသော လျှောက်လွှာကို လက်ခံရရှိလျှင် ကော်မရှင်သည် လျှောက်လွှာတွင် ဖော်ပြထားသောအချက်များကို စိစစ်၍ ဥပဒေနှင့်ညီညွတ်ကြောင်းတွေ့ရှိပါက လျှောက်ထားချက်ကိုခွင့်ပြုရမည်။ ဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်းတွေ့ရှိပါက လျှောက်ထားချက်ကို ငြင်းပယ်ရမည်။

( ဂ ) ပါတီတည်ထောင်လိုသူများသည် ပုဒ်မခွဲ(ခ)အရ ခွင့်ပြုချက်ရရှိလျှင် မိမိတို့အနက်မှ ခေါင်းဆောင်တစ်ဦးနှင့် ဒုတိယခေါင်းဆောင်တစ်ဦးတို့ကို ရွေးချယ်ရမည်။

၄။ ပါတီတည်ထောင်လိုသူများသည် အောက်ပါအချက်များနှင့် ကိုက်ညီရမည် -

(က) နိုင်ငံသားဖြစ်ခြင်း၊

( ခ ) အသက် ၂၅ နှစ် ပြည့်ပြီးသူဖြစ်ခြင်း၊

( ဂ ) သာသနာ့ဝန်ထမ်းမဟုတ်ခြင်း၊

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်ခြင်း၊

( င ) ထောင်ဒဏ်ကျခံနေရသူမဟုတ်ခြင်း၊

( စ ) နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူ အဖွဲ့အစည်းဝင် သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်ကသတ်မှတ်သော အဖွဲ့အစည်းဝင်နှင့် ပုဂ္ဂိုလ်များ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသော အဖွဲ့အစည်းဝင် သို့မဟုတ် ယင်းအဖွဲ့အစည်းဝင်များနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုသည့် အဖွဲ့အစည်းဝင် မဟုတ်ခြင်း၊

(ဆ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့် ငြိစွန်းသူ မဟုတ်ခြင်း၊

( ဇ ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူမဟုတ်ခြင်း။

၅။ ပါတီတည်ထောင်လိုသူများ၏ ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်တို့သည် ကော်မရှင်က သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေးပေးသွင်း၍ မိမိတို့ တည်ထောင်လိုသောပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် အောက်ပါအချက်များကိုတင်ပြပြီး သတ်မှတ်သည့်အတိုင်း ကော်မရှင်သို့ လျှောက်ထားရမည်-

(က) တည်ထောင်လိုသောပါတီ၏ အမည်၊ အလံနှင့်တံဆိပ်၊

(ခ) တည်ထောင်လိုသောပါတီ၏ နိုင်ငံရေးဝါဒသဘောတရားနှင့် လုပ်ငန်းစဉ်၊

(ဂ) ပါတီစည်းမျဉ်းနှင့် ဖွဲ့စည်းပုံ၊

(ဃ) ပုဒ်မ ၄ ပါ အချက်များနှင့်ညီညွတ်သော ပါတီတည်ထောင်လိုသူများ၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မွေးသက္ကရာဇ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

(င) ပုဒ်မ ၆ နှင့်အညီ ပြုလုပ်ထားသော ဝန်ခံချက်၊

(စ) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀၀ ကို စည်းရုံးမည်ဖြစ်ကြောင်း ဝန်ခံချက် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ ကို စည်းရုံးမည်ဖြစ်ကြောင်း ဝန်ခံချက်၊

(ဆ) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီရန်ပုံငွေ ကျပ်သိန်း ၁၀၀ ကိုလည်းကောင်း မြန်မာ့စီးပွားရေးဘဏ်တစ်ခုခုတွင် ငွေစာရင်းဖွင့်လှစ်ပြီးကြောင်း အထောက်အထား၊

(ဇ) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ပြည်ထောင်စုတစ်ဝန်းလုံးရှိ မြို့နယ်အားလုံး၏ အနည်းဆုံးထက်ဝက်၌ ပါတီရုံးခန်းဖွင့်လှစ်မည်ဖြစ်ကြောင်း ဝန်ခံချက် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံး၏ အနည်းဆုံး ၅ မြို့နယ်၌ ပါတီရုံးခန်း ဖွင့်လှစ်မည်ဖြစ်ကြောင်း ဝန်ခံချက်။

၆။ အောက်ပါအချက်များအား စောင့်ထိန်းလိုက်နာမည်ဖြစ်ကြောင်း ဝန်ခံချက်ကို ပုဒ်မ ၅ အရ လျှောက်ထားသည့်လျှောက်လွှာတွင် ဖော်ပြရမည် -

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ဂ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရေး၊

(ဃ) လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့်ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့် သိက္ခာနှင့် ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ရေးသားမှု၊ ဟောပြောမှု သို့မဟုတ် စည်းရုံးလှုံ့ဆော်မှု မပြုလုပ်ရေး၊

( င ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစား မပြုလုပ်ရေး၊

( စ ) နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း သို့မဟုတ် ယင်းတို့၏ ဩဇာခံယူခြင်း မပြုရေး။

စာမျက်နှာ ၇ သို့ ❍

○ စာမျက်နှာ ၆ မှ

၇။ အောက်ပါအဖွဲ့အစည်းတစ်ရပ်ရပ်သည် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးရန် လျှောက်ထားခွင့်မရှိစေရ –

(က) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ်လည်းကောင်း၊ အကြမ်းဖက်အဖွဲ့အစည်းအဖြစ်လည်းကောင်း ကြေညာခြင်းခံရသော အဖွဲ့အစည်း၊

(ခ) နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူ အဖွဲ့အစည်း သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်ကသတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသော အဖွဲ့အစည်း သို့မဟုတ် ယင်းအဖွဲ့အစည်းဝင်များနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုသည့် အဖွဲ့အစည်း၊

(ဂ) နိုင်ငံတော်ပိုင် ငွေကြေး၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲသည့် အဖွဲ့အစည်း၊

(ဃ) နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း သို့မဟုတ် ယင်းတို့၏ သြဇာခံယူခြင်းပြုသည့် အဖွဲ့အစည်း၊

(င) ဘာသာရေးကို နိုင်ငံရေးကိစ္စအတွက် အလွဲသုံးစားပြုသော အဖွဲ့အစည်း။

၈။ (က) ပုဒ်မ ၅ ပုဒ်မခွဲ (က)အရ ပါတီ၏ အမည်၊ အလံနှင့် တံဆိပ်တို့ကို တင်ပြရာတွင် ဘာသာ၊ သာသနာနှင့် ယှက်နွယ်သော သို့မဟုတ် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေသော အမည်၊ အမှတ်အသား သို့မဟုတ် သင်္ကေတကို ရှောင်ရှားရမည်။

(ခ) မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသောပါတီ၏ အမည်၊ အလံနှင့် တံဆိပ်တို့သည် မှတ်ပုံတင်ထားပြီးသော သို့မဟုတ် ပုဒ်မ ၅ အရ လျှောက်ထားပြီးသော အခြားပါတီတစ်ခု၏ အမည်၊ အလံ သို့မဟုတ် တံဆိပ်နှင့် တူညီနေလျှင်သော်လည်းကောင်း၊ ဆင်တူယိုးမှားဖြစ်နေလျှင်သော် လည်းကောင်း ကွဲပြားစေရေးအတွက် ဆောင်ရွက်ရန် ကာလသတ်မှတ်၍ ကော်မရှင်က ညွှန်ကြားနိုင်သည်။ ယင်းသို့ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်လျှင် လျှောက်လွှာကို ပယ်ရမည်။

၉။ ပါတီတည်ထောင်လိုသူများ၏ ခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်တို့က နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးရန် လျှောက်ထားသည့်အခါ ကော်မရှင်သည် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ စစ်ဆေးပြီးနောက် သတ်မှတ်ချက်နှင့်ညီညွတ်ပါက မှတ်ပုံတင်ခွင့်ပြုနိုင်သည် သို့မဟုတ် ညီညွတ်ခြင်းမရှိပါက မှတ်ပုံတင်ခွင့်ပြုရန် ငြင်းပယ်နိုင်သည်။

၁၀။ ပါတီဝင်များစည်းရုံးရာတွင် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများကိုသာ ပါတီဝင်အဖြစ် စည်းရုံးရမည်–

(က) နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူဖြစ်ခြင်း၊

( ခ ) အသက် ၁၈ နှစ် ပြည့်ပြီးသူဖြစ်ခြင်း၊

( ဂ ) သာသနာ့ဝန်ထမ်းမဟုတ်ခြင်း၊

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်ခြင်း၊

( င ) ထောင်ဒဏ်ကျခံနေရသူမဟုတ်ခြင်း၊

( စ ) နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့အစည်းဝင် သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်ကသတ်မှတ်သော အဖွဲ့အစည်းဝင်နှင့် ပုဂ္ဂိုလ်များ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရသော အဖွဲ့အစည်းဝင် သို့မဟုတ် ယင်းအဖွဲ့အစည်းဝင်များနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုသည့် အဖွဲ့အစည်းဝင် မဟုတ်ခြင်း၊

(ဆ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့် ငြိစွန်းသူ မဟုတ်ခြင်း၊

( ဇ ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူမဟုတ်ခြင်း၊

( ဈ ) အခြားနိုင်ငံရေးပါတီတစ်ခုခု၏ ပါတီဝင် မဟုတ်ခြင်း၊

(ည) ပုဒ်မ ၆ ပါ အချက်များကို စောင့်ထိန်းလိုက်နာမည်ဖြစ်ကြောင်း ဝန်ခံထားသူဖြစ်ခြင်း။

၁၁။ ပါတီတစ်ခုသည် ပုဒ်မ ၉ အရ မှတ်ပုံတင်ခွင့်ရရှိသည့်နေ့ရက်မှစ၍ –

(က) သတ်မှတ်ချက်များနှင့်ကိုက်ညီသော ပါတီဝင်ခွင့်လျှောက်ထားသူများအား ပါတီဝင်အသိအမှတ်ပြုလွှာများ ထုတ်ပေးခြင်း၊ ပါတီဝင်များထံမှ ပါတီဝင်ကြေး၊ ပါတီလစဉ်ကြေးများ ကောက်ခံခြင်းနှင့် စည်းရုံးခြင်းများကို ပါတီစည်းမျဉ်းနှင့်အညီ ဆောင်ရွက်နိုင်သည်။

( ခ ) ပါတီဝင်အသိအမှတ်ပြုလွှာများ ထုတ်ပေးပြီးသော ပါတီဝင်အင်အားစာရင်းကို ပြုစုထားရှိပြီး ယင်းစာရင်းကို သတ်မှတ်သည့်အတိုင်း ကော်မရှင်သို့ တင်ပြရမည်။

## အခန်း(၃)
## ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိခြင်း

၁၂။ (က) ပါတီတစ်ခုသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းလျှင် နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိစေရ –

(၁) ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက အထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ် အပါအဝင်) မဲဆန္ဒနယ်အားလုံး၏ ထက်ဝက်တွင် မိမိပါတီက ဝင်ရောက်ယှဉ်ပြိုင်မှု မပြုနိုင်ခြင်း၊

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက အထွေထွေရွေးကောက်ပွဲ၌ မိမိစည်းရုံးရမည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ (တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အပါအဝင်) အနည်းဆုံး မဲဆန္ဒနယ်တစ်နယ်တွင် မိမိပါတီက ဝင်ရောက်ယှဉ်ပြိုင်မှု မပြုနိုင်ခြင်း၊

(၃) လွှတ်တော်သက်တမ်းတစ်ရပ်စီအတွက် အထွေထွေရွေးကောက်ပွဲကျင်းပပြီးသည့် နောက်ပိုင်းတွင် မှတ်ပုံတင်ခွင့်ရရှိသောပါတီသည် ယင်းလွှတ်တော်သက်တမ်းအတွင်း ကျင်းပပြုလုပ်သော ကြားဖြတ်ရွေးကောက်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်မှုမပြုနိုင်ခြင်း၊

**ရှင်းလင်းချက်။** ပါတီတစ်ခုသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပြီး မိမိစည်းရုံးရမည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း၌ ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန်မရှိပါက အထက်ပါပြဋ္ဌာန်းချက်နှင့် အကျုံးမဝင်စေရ။

(၄) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် လည်းကောင်း၊ အကြမ်းဖက်အဖွဲ့အစည်းအဖြစ်လည်းကောင်း ကြေညာခံရခြင်း၊

(၅) နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် မတရားအသင်းအဖြစ် ကြေညာခံထားရသော အဖွဲ့အစည်း သို့မဟုတ် ယင်းအဖွဲ့အစည်းဝင်များနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း၊

(၆) ပုဒ်မ ၆ ပါ ဝန်ခံချက်တစ်ရပ်ရပ်ကို စောင့်ထိန်းလိုက်နာရန် ပျက်ကွက်ခြင်း၊

(၇) နိုင်ငံတော်ပိုင် ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ ရယူသုံးစွဲသည့် အဖွဲ့အစည်းဖြစ်ကြောင်း တွေ့ရှိခြင်း၊

**ခြွင်းချက်။** (၁) နိုင်ငံတော်ပိုင်ငွေကြေးဟူသော စကားရပ်တွင် ထိုပါတီ၌ပါဝင်သော ပုဂ္ဂိုလ်များ၏ အငြိမ်းစား လစာ၊ စရိတ်၊ ငွေကြေးသော်လည်းကောင်း၊ နိုင်ငံတော်အကျိုးအတွက် ဆောင်ရွက်သဖြင့် နိုင်ငံတော်က တရားဝင် ထောက်ပံ့ချီးမြှင့်ထားသော လစာ၊ စရိတ်၊ ငွေကြေးသော်လည်းကောင်းမပါဝင်၊

(၂) နိုင်ငံတော်ပိုင် မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းဟူသော စကားရပ်တွင် ထိုပါတီ၌ပါဝင်သော ပုဂ္ဂိုလ်များအား ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း၊ တာဝန်အရသော်လည်းကောင်း နိုင်ငံတော်က သုံးစွဲခွင့်ပြုထားသော သို့မဟုတ် နိုင်ငံတော်ထံမှ အခကြေးငွေဖြင့် ငှားရမ်းသုံးစွဲသော နိုင်ငံတော်ပိုင် မြေ၊ အိမ်၊ အဆောက်အအုံနှင့် အခန်းများ၊ အခြားအဆောက်အအုံနှင့် အခန်းများ၊ နိုင်ငံပိုင်လေယာဉ်၊ ရထား၊ သင်္ဘော၊ မော်တော်ယာဉ်၊ ပစ္စည်း စသည်တို့မပါဝင်။

(၈) ပုဒ်မ ၁၀ ပါ အချက်တစ်ရပ်ရပ်နှင့် ကိုက်ညီခြင်းမရှိသောသူများကို ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခြင်းမပြုဘဲ တမင်ထိမ်ချန်ထားရှိခြင်း၊

(၉) ပုဒ်မ ၅ ပုဒ်မခွဲ(စ)ပါ သတ်မှတ်ချက်အတိုင်း ပါတီဝင်ဦးရေကို စည်းရုံးမှုမပြုနိုင်ကြောင်း တွေ့ရှိခြင်း၊

(၁၀)ပုဒ်မ ၅ ပုဒ်မခွဲ(ဇ)ပါ သတ်မှတ်ချက်အတိုင်း ပါတီရုံးခန်းများ ဖွင့်လှစ်နိုင်ခြင်းမရှိကြောင်း တွေ့ရှိခြင်း။

(ခ) ကော်မရှင်သည် ပုဒ်မခွဲ(က)ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသောပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကိုပယ်ဖျက်၍ ယင်းပါတီကိုလည်း ဖျက်သိမ်းရမည်။

၁၃။ ပါတီတစ်ခုသည် ပုဒ်မ ၅ ပုဒ်မခွဲ(စ)ပါ အနည်းဆုံး ပါတီဝင်အရေအတွက်ကို သတ်မှတ်ထားသည့် ရက်အတွင်း စည်းရုံးရရှိပြီးကြောင်း ကော်မရှင်သို့တင်ပြရမည်။ ယင်းသို့တင်ပြပြီးသည့်နောက်ပိုင်းတွင် ယင်းပါတီ၏ ပါတီဝင်အရေအတွက်မှာ သတ်မှတ်ထားသည့် အနည်းဆုံးပါတီဝင်အရေအတွက်အောက် လျော့နည်းသွားပါက ရက်ပေါင်း ၉၀ အတွင်း သတ်မှတ်ချက်များအတိုင်း ပြည့်မီစေရေးအတွက် ဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ခြင်းမပြုနိုင်လျှင် ကော်မရှင်က ယင်းပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကိုပယ်ဖျက်၍ ပါတီကိုလည်း ဖျက်သိမ်းရမည်။

## အခန်း(၄)
## ရန်ပုံငွေနှင့်ပစ္စည်းများစုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စစ်ဆေးခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၁၄။ ပါတီပိုင်ပစ္စည်းများထိန်းသိမ်းခြင်းနှင့် သတ်မှတ်သည့်အတိုင်း စာရင်းများ စနစ်တကျပြုစုထားရှိခြင်းတို့ကို အောက်ပါပုဂ္ဂိုလ်များက တာဝန်ယူဆောင်ရွက်ရမည် –

(က) ပါတီဌာနချုပ်အတွက်ဖြစ်လျှင် ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး၊

( ခ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပါတီများအတွက်ဖြစ်လျှင် သက်ဆိုင်ရာ ပါတီအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုပါတီအတွက်ဖြစ်လျှင် သက်ဆိုင်ရာစည်းရုံးရေးမှူး။

၁၅။ (က) ပါတီပိုင်ရန်ပုံငွေကို အောက်ပါအတိုင်း ကောက်ခံစုစည်း၍ စာရင်းပြုစုထားရမည် –

(၁) ပုဒ်မ ၁၁ အရ ကောက်ခံရရှိထားသော ပါတီဝင်ကြေးနှင့် ပါတီလစဉ်ကြေး၊

(၂) ပြည်တွင်းရှိ နိုင်ငံသားတစ်ဦးချင်းကဖြစ်စေ၊ အဖွဲ့အစည်းအလိုက်ဖြစ်စေ၊ နိုင်ငံသားပိုင်ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီအစုအဖွဲ့ကဖြစ်စေ ၎င်းတို့တရားဝင်ရရှိထားသော ငွေကြေးပစ္စည်းများထဲမှ ပါတီသို့ လှူဒါန်းထည့်ဝင်သည့် ငွေကြေး သို့မဟုတ် ပစ္စည်း၊

(၃) ပါတီပိုင်စီးပွားရေးလုပ်ငန်းများမှ တရားဝင်ရရှိသော ငွေနှင့် အမြတ်အစွန်း။

( ခ ) ပုဒ်မခွဲ(က)ပုဒ်မခွဲငယ် (၁)နှင့် (၂)တို့အရ ရရှိသောငွေကြေး၊ ပစ္စည်းများပေါ်တွင် ထမ်းဆောင်ရမည့် အခွန်အခများကို ကင်းလွတ်ခွင့်ပြုသည်။

၁၆။ ပါတီတစ်ခုသည် လွှတ်တော်သက်တမ်းတစ်ရပ်အတွင်း –

(က) မိမိပါတီစည်းရုံးရေးအတွက် ပါတီစည်းမျဉ်းနှင့်အညီ သတ်မှတ်ထားသောအသုံးစရိတ်များကို သုံးစွဲခွင့်ရှိသည်။

(ခ) အထွေထွေရွေးကောက်ပွဲ၌ဖြစ်စေ၊ ကြားဖြတ်ရွေးကောက်ပွဲ၌ဖြစ်စေ မိမိပါတီကို ကိုယ်စားပြု၍ ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးစီအတွက် သတ်မှတ်ထားသော အသုံးစရိတ်များကို သုံးစွဲခွင့်ရှိသည်။

၁၇။ ပါတီတစ်ခုသည် မိမိ၏ နှစ်စဉ်ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးနှစ်အလိုက် ရေးဆွဲခြင်း၊ ပါတီပိုင်ပစ္စည်းများနှင့်စပ်လျဉ်းသည့် နှစ်ချုပ်စာရင်းပြုစုခြင်း၊ ပါတီစည်းမျဉ်းနှင့်အညီ အတည်ပြုချက်ရယူခြင်းတို့ကို သတ်မှတ်သည့်အတိုင်း ဆောင်ရွက်ရမည်။

**စာမျက်နှာ ၈ သို့ ○**

❍ စာမျက်နှာ ၇ မှ

၁၈။ ပါတီတစ်ခု၏ စာရင်းများကို စစ်ဆေးရန်လိုအပ်လျှင် ကော်မရှင်က စစ်ဆေးနိုင်သည်။ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အားလည်း စစ်ဆေးစေနိုင်သည်။ ယင်းသို့ စစ်ဆေးရာတွင် ကော်မရှင် သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲသည် အစိုးရဌာန၊ အဖွဲ့အစည်းများထံမှ အကူအညီရယူနိုင်သည်။

၁၉။ (က) ပါတီတစ်ခုသည် မိမိဆန္ဒအလျောက် ဖျက်သိမ်းလျှင်ဖြစ်စေ၊ ဤဥပဒေအရ မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ ပါတီပိုင်ပစ္စည်းများကို နိုင်ငံတော်အစိုးရက သတ်မှတ်ပေးသည့် ဌာန၊ အဖွဲ့အစည်းသို့ သတ်မှတ်သည့်နည်းလမ်းအတိုင်း အပ်နှံရမည်။

(ခ) ပုဒ်မခွဲ (က)အရ အပ်နှံသည့်ပစ္စည်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းသည် နိုင်ငံတော်အစိုးရ၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

**အခန်း(၅)**

**အထွေထွေ**

၂၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ -

(က) ကော်မရှင်၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

(ခ) မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုပိုင်ခွင့် မရှိစေရ။

၂၁။ ပုဂ္ဂိုလ်တစ်ဦးသည် တစ်ချိန်တည်းတွင် ပါတီတစ်ခု၌သာ ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

၂၂။ ပါတီအဆင့်ဆင့်ဖွဲ့စည်းမှုသည် အုပ်ချုပ်ရေးဆိုင်ရာ နယ်နိမိတ်အတိုင်း ဖြစ်စေရမည်။

၂၃။ ကော်မရှင်သည် ပါတီများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်စေရန် ကြီးကြပ်နိုင်သည်။ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အား ကော်မရှင်ကိုယ်စားကြီးကြပ်ရန် တာဝန်ပေးအပ်နိုင်သည်။

၂၄။ (က) ပါတီတစ်ခုသည် ဤဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ် သို့မဟုတ် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာခြင်းမရှိကြောင်း ကော်မရှင်ကတွေ့ရှိလျှင် ကော်မရှင်သည် ထိုပါတီအား လိုအပ်သည်များကို လိုက်နာဆောင်ရွက်ရန် အချိန်ကာလသတ်မှတ်၍ ညွှန်ကြားနိုင်သည်။

(ခ) ပါတီတစ်ခု၏ ပါတီတွင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ တစ်ဦးဦးက ကော်မရှင်သို့ တင်ပြတိုင်ကြားလာပါက ကော်မရှင်သည် စုံစမ်းစစ်ဆေး၍ လိုအပ်လျှင် နိုင်ငံတော်၏အကျိုးငှာ ထိုပါတီအား လိုက်နာဆောင်ရွက်ရမည့်အချက်များကို အချိန်ကာလသတ်မှတ်၍ ညွှန်ကြားနိုင်သည်။

(ဂ) ပုဒ်မခွဲ(က) သို့မဟုတ် ပုဒ်မခွဲ(ခ)အရ ညွှန်ကြားသည့်အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ကော်မရှင်သည် ယင်းပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို သုံးနှစ်အထိ ယာယီရပ်ဆိုင်းနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ)အရ ပါတီ၏မှတ်ပုံတင်ထားခြင်းကို ယာယီရပ်ဆိုင်းခြင်းခံရလျှင် ယင်းပါတီသည် ထိုယာယီရပ်ဆိုင်းထားသော ကာလအတွင်း ကော်မရှင်က ညွှန်ကြားထားသော လုပ်ငန်းများမှအပ ပါတီ၏ ကျန်လုပ်ငန်းအားလုံးကို ရပ်ဆိုင်းထားရမည်။

(င) ပုဒ်မခွဲ (ဂ)ပါ ထိုယာယီရပ်ဆိုင်းထားသည့် ကာလကုန်ဆုံးသည်အထိ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ကော်မရှင်သည် ယင်းပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်၍ ပါတီကိုလည်း ဖျက်သိမ်းရမည်။

၂၅။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂ /၂၀၁၀) အရ တည်ရှိနေသော ပါတီများသည် ဤဥပဒေအရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုပါက ဤဥပဒေပြဋ္ဌာန်းသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ ဤဥပဒေနှင့်အညီ ပါတီမှတ်ပုံတင်ခွင့် ပြန်လည်လျှောက်ထားရမည်။ ယင်းသို့ လျှောက်ထားခြင်းမရှိပါက နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၂၆။ ကော်မရှင်သည် ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၂၇။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂ / ၂၀၁၀)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၆**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ အန်နာသိုလီ ဘူးလော့ချ်နိကော့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာ-ရုရှား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်မှုသည် ယခုနှစ်တွင် စိန်ရတုနှစ်ပတ်လည်တိုင်ခဲ့ပြီဖြစ်ကြောင်း၊ ၁၉၅၀ ပြည့်လွန်ကာလများတွင် နှစ်နိုင်ငံအကြားဆက်ဆံရေး အထူးကောင်းမွန်ခဲ့ပြီး ယခုတစ်ဖန် နှစ်နိုင်ငံဆက်ဆံရေးမှာ စာမျက်နှာသစ်တစ်ခု ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပညာရေး၊ ပို့ဆောင်ရေး၊ ခရီးသွားလာရေး၊ လျှပ်စစ်၊ စွမ်းအင်၊ ဘဏ္ဍာရေး အစရှိသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုလမ်းကြောင်းများ ရှာဖွေဖော်ထုတ်ရေးနှင့် ရုရှားကုမ္ပဏီများ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လုပ်ဆောင်ရန် ကိစ္စတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်



# ရုရှား-မြန်မာ နှစ်နိုင်ငံအကြား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၂၆**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယ ဥက္ကဋ္ဌ ဖြစ်သူ မစ္စတာ အန်နာ သိုလီ ဘူးလော့ချ် နိကော့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငါးဖမ်းကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုရှားဖက်ဒရေးရှင်း ငါးလုပ်ငန်းအေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်ချက်များ၊ နှစ်နိုင်ငံ လယ်ယာထွက်ကုန်ပစ္စည်းကုန်သွယ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာများ၊ ရုရှားသိပ္ပံဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံစိုက်ပျိုးရေးသီးနှံများ၏ အပင်ဇီဝအရင်းအမြစ်များ စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ အသုံးပြုခြင်းအပါအဝင် လယ်ယာကဏ္ဍဆိုင်ရာ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု တိုးတက်ရေးလုပ်ငန်းရပ်များနှင့် ပတ်သက်၍လည်းကောင်း၊ နှစ်နိုင်ငံပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးဆိုင်ရာများကိုလည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ထားဝယ်မြို့နယ်အတွင်း ကျေးလက်ရေပေးရေး လုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ထားဝယ် ဇန်နဝါရီ ၂၆**

ထားဝယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ထားဝယ်မြို့နယ် ရွှေဂူတောင်ကျေးရွာလက်တူးတွင်း တစ်တွင်း တူးဖော်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုအား ထားဝယ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်သာသာရည်၊ ထားဝယ်မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးသီနှင့် ဝန်ထမ်းများ ယနေ့ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၂၂

## ၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

(၂) ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(၃) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီလက်တွဲဆောင်ရွက်ရေး။

(၄) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်ဆောင်ရွက်ပေးရေး။

(၅) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။




# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ တတိယနေ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၆**

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)ဥက္ကဋ္ဌ ဦးဆောင်သော ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ တတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ယွက်စစ်၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ ဖြစ်ကြသည့် စဝ်ဆောင်းဟန်၊ စဝ်အုမ်ခေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေး ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



တွေ့ဆုံဆွေးနွေးပွဲတွင် သုံးရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ နှစ်ဖက်သဘောထားတူညီပြီး အပြီးသတ်ရရှိလာသည့် သဘောတူညီချက်များကို အတည်ပြု လက်မှတ်ရေးထိုးပြီး အပြန်အလှန် လဲလှယ်ခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ်နှင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြကာ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကာ အမှတ်တရ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာ အန်နာသိုလီ ဘူးလော့ချ် နိကော့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာ-ရုရှားနှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်မှုသည် (၇၅)နှစ် စိန်ရတုနှစ်ပတ်လည်သို့ ရောက်ရှိပြီဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ် စက်တင်ဘာလ အတွင်းက ရုရှားနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ပြုလုပ်ခဲ့သည့် အရှေ့ဖျား စီးပွားရေးဖိုရမ် ကာလအတွင်း နှစ်နိုင်ငံ အကြီးအကဲများ တွေ့ဆုံခဲ့မှုမှတစ်ဆင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ နှစ်နိုင်ငံအကြား ပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်း၊ လျှပ်စစ်၊ စွမ်းအင်၊ ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်မည့်အခြေအနေများနှင့် စပ်လျဉ်း၍ နှစ်ဖက်အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။



တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် အဆင့်မြင့်အရာရှိကြီးများနှင့် ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ပန်းတောင်းမြို့နယ်၌ ရွေ့လျားစနစ်ဖြင့် ဆန်၊ ဆီ၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ ဈေးနှုန်းချိုသာစွာရောင်းချ

**ပန်းတောင်း ဇန်နဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပန်းတောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် ဆန် ၊ ဆီ၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များကို ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် ပန်းတောင်းမြို့ပေါ်ရှိ ရပ်ကွက်များအတွင်းသို့ ရွေ့လျားစနစ်ဖြင့် ဈေးနှုန်းချိုသာစွာ လိုက်လံရောင်းချပေးလျက်ရှိသည် ။

ထိုသို့ရောင်းချရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သူရနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနနှင့် ပြည်မြို့ ဆီကုန်သည်များအသင်းတို့ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်အတွင်းရှိ အခြေခံလူတန်းစားများအတွက် ရည်ရွယ်၍ ဆန်တစ်ပြည်လျှင်ငွေကျပ် ၁၉၀၀ နှုန်း၊ စားအုန်းဆီ ၅၀ ကျပ်သားတစ်ဘူးလျှင် ငွေကျပ် ၂၅၀၀ နှုန်း၊ ကြက်ဥတစ်လုံးလျှင်ငွေကျပ် ၂၀၀ နှုန်းနှင့် ဟင်းသီးဟင်းရွက်များပါ ရွေ့လျားစနစ်ဖြင့် ဈေးနှုန်းချိုသာစွာ လိုက်လံရောင်းချပေးလျက်ရှိကြောင်း သိရသည် ။

**အောင်မြင့်(ပန်းတောင်း)**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဒေသနေပြည်သူများနှင့် တွေ့ဆုံဆွေးနွေး



နေပြည်တော် ဇန်နဝါရီ ၂၆

ကျေးလက်နေပြည်သူများ၏ ဝင်ငွေနှင့် လူနေမှုဘဝမြင့်မားရေးအတွက် နိုင်ငံတော်အစိုးရ၏ စီမံလမ်းညွှန်မှုဖြင့် မိမိတို့ဝန်ကြီးဌာနက ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ ဒေသနေပြည်သူများအနေဖြင့် လုံ့လဝီရိယစိုက်ထုတ်၍ စုပေါင်းဆောင်ရွက်ကြရန်လိုကြောင်း ယနေ့ ညနေပိုင်းက လယ်ဝေးမြို့နယ် ဝက္ကမူကျေးရွာအုပ်စုနှင့် ညိုပင်ကျေးရွာအုပ်စုတို့မှ ဒေသနေပြည်သူများနှင့် တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဝက္ကမူကျေးရွာအနီး ပုလွေးချောင်းယာယီချောင်းပိတ်ဆည် တည်ဆောက်ရေးလုပ်ငန်း၊ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာလျှပ်စစ်ရေတင်လုပ်ငန်းဆောင်ရွက်နေမှုနှင့် စိုက်ပျိုးရေ ထိရောက်အကျိုးရှိစွာသုံးစွဲနိုင်ရေး ရေဖျန်းစနစ်စံပြအသုံးပြုနေမှုတို့ကို ကြည့်ရှုစစ်ဆေးကြရာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝက္ကမူကျေးရွာအုပ်စုနေ တောင်သူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး၊ သီးထပ်စွမ်းအားတိုးမြှင့်ရေး၊ အသေးစား၊ အငယ်စား ကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်နိုင်ရေး၊ လိုအပ်သော နည်းပညာသင်တန်းများ ကျေးရွာအရောက် ဆောင်ရွက်ပေးခြင်းနှင့်အတူ အရင်းအနှီး မတည်ငွေထူထောင်ပေးမည့် အစီအစဉ်များ၊ စိတ်တူကိုယ်တူ ဆန္ဒတူသူများ စုပေါင်း၍ သမဝါယမအသင်းထူထောင်ပြီး စီးပွားဖြစ်လယ်ယာကုန်ထုတ်လုပ်ငန်းများ ပေါ်ထွန်းလာရေးအတွက် ကျေးရွာသူ ကျေးရွာသားများအားလုံး ပူးပေါင်းလုပ်ဆောင်ကြရေး လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ညိုပင်ကျေးရွာအုပ်စု ငွေ့ကြီးကျေးရွာ ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ဒေသနေပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကျေးလက်နေ တစ်မိသားစုချင်း ဝင်ငွေတိုးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းအခြေခံ တစ်ပိုင်တစ်နိုင်လုပ်ငန်းများ ထူထောင်လုပ်ကိုင်နိုင်ရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြီး ဒေသခံများ၏ ကျေးလက်တံတား၊ ကုန်ထုတ်လမ်းနှင့် ရေသွင်းမြောင်းဖော်ထုတ်ပေးနိုင်ရေးတင်ပြချက်များအပေါ် အမြန်ဆုံးတုံ့ပြန်ဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြစိမ်းရောင်စီမံကိန်းဝင်တောင်သူများ၏ ဟင်းသီးဟင်းရွက်စိုက်ခင်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းပုံစံနှင့် မေးခွန်းနမူနာကို ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ကြိုတင်သိရှိပြီး သင်ကြားလေ့လာနိုင်ရန် မေလဆန်းတွင် ထုတ်ပြန်ပေးနိုင်ရေး ဆွေးနွေးညှိနှိုင်းပြုစုရန် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မှာကြား

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲသည် (KG + 12) စနစ်သစ်သင်ရိုးသစ်ဖြင့် ကျင်းပဖြေဆိုကြရမည်ဖြစ်သဖြင့် ဘာသာရပ်အလိုက် မေးခွန်းပုံစံနှင့် မေးခွန်းနမူနာတို့ကို ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ကြိုတင်သိရှိပြီး သင်ကြားလေ့လာနိုင်ရန်အတွက် ၂၀၂၃ ခုနှစ် ဇွန်လ ကျောင်းဖွင့်ရက်မတိုင်မီ မေလဆန်းတွင် ထုတ်ပြန်ပေးနိုင်ရေး ဆွေးနွေးညှိနှိုင်းပြုစုကြရန် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်မှူးချုပ်များနှင့် တာဝန်ရှိသူများကို ယနေ့နံနက်ပိုင်းက မှာကြားလိုက်သည်။

နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲမေးခွန်းပုံစံ ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့မှာကြားခဲ့ခြင်းဖြစ်ပြီး ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ စည်းမျဉ်း၊ စည်းကမ်း တိကျစွာလိုက်နာ၍ စနစ်တကျ ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ အခြေခံပညာ KG + 12 နှင့် ချိတ်ဆက်မိသော တက္ကသိုလ်သင်ရိုးညွှန်းတမ်းများကို ဆက်လက်ရေးဆွဲပြုစုကြရမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

**ဆွေးနွေးတင်ပြ**

ယင်းအစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က သတ်မှတ်ကာလအတွင်း ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်ကို လည်းကောင်း၊ စာစစ်မှူးချုပ်များက ဘာသာရပ်အလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို လည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။



သတင်းစဉ်



# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် အားကစားနည်းအလိုက် ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၆

၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် ဘော်လီဘော (အမျိုးသား၊ အမျိုးသမီး) ဗိုလ်လုပွဲစဉ်များကို ယနေ့ နံနက်ပိုင်းမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B) ရုံ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ အမျိုးသမီး ဘော်လီဘောဗိုလ်လုပွဲတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၃ ပွဲ ၂ ပွဲဖြင့် လည်းကောင်း၊ အမျိုးသားဘော်လီဘော ဗိုလ်လုပွဲတွင် ရှမ်းပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၃ ပွဲ ၁ ပွဲဖြင့် လည်းကောင်း အနိုင်ရဗိုလ်စွဲခဲ့ကြောင်း သိရသည်။

အဆိုပါ ယှဉ်ပြိုင်ကစားနေမှုများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးဇော်ဝင်း၊ ဒေါက်တာဇော်မြင့်၊ ဦးမျိုးလှိုင်နှင့် ဒေါက်တာစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်ချုပ်သက်အောင်၊ ဗိုလ်ချုပ်နေမျိုးဦး၊ ဗိုလ်မှူးချုပ်လှမိုး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကျောင်းသား ကျောင်းသူ အားကစားမောင်မယ်များနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးကြသည်။

ဇန်နဝါရီ ၂၇ ရက်တွင် ဘောလုံး(အမျိုးသား၊ အမျိုးသမီး) ဗိုလ်လုပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျုံပျော်မြို့၌ ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်

ကျုံပျော် ဇန်နဝါရီ ၂၆

ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာအသုံးပြုနိုင်ရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုလျော့ချနိုင်ရေးနှင့် တရားမဝင် ဓာတ်အားသုံးစွဲမှုမရှိစေရေးအတွက် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲကိုကိုဦးနှင့် ဝန်ထမ်းများ ယနေ့နံနက်က လိုက်လံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ စစ်ဆေးပြုပြင်ထိန်းသိမ်းခြင်း၊ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် မီတာကွင်းဆင်းစစ်ဆေးခြင်း၊ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို မြေပြင်ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာများ ကြံ့ခိုင်မှုစစ်ဆေးခြင်း၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းများနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုစစ်ဆေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အလုပ်သမားဝန်ကြီးဌာန၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၆**

အလုပ်သမားဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်ခဲ့ပြီးသည့် (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးဌာန၏ စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန် ဦးညွန့်ဝင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အထူးဖိတ်ကြားထားသည့် ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အလုပ်သမားဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာခြင်းဖြစ်သည့်အတွက် ဇန်နဝါရီ ၄ ရက်ကို ဝန်ကြီးဌာန၏ နှစ်ပတ်လည်နေ့အဖြစ် သတ်မှတ်ခဲ့ပြီး ယခင်ကလည်း နှစ်ပတ်လည်နေ့အခမ်းအနားများ ကျင်းပခဲ့ကြောင်း၊ ဇန်နဝါရီ ၄ ရက်တွင် (၇၅) နှစ်ပြည့်မြောက်ခဲ့ပြီးဖြစ်၍ ကြုံတောင့်ကြုံခဲ သမိုင်းမှတ်တမ်းကျန်ရှိမည့် စိန်ရတုနှစ်ပတ်လည်နေ့အခါသမယနေ့ ဖြစ်ကြောင်း။

စိန်ရတုနှစ်ပတ်လည်နေ့ ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ဝန်ကြီးဌာန၏ ဖြတ်သန်းလျှောက်လှမ်းခဲ့မှုများအပေါ် အမှတ်တရဖြစ်စေပြီး တွေ့ကြုံခဲ့ရသည့် အားနည်းချက်၊ အားသာချက် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ခဲ့မှုများအား သုံးသပ်၍ ဝမ်းသာပီတိဖြစ်စေရန်၊ စိန်ရတုမှသည် နောင်နှစ်ပေါင်းများစွာ အောင်မြင်မှုများစွာဖြင့် ထာဝရရှင်သန်နိုင်စေရန်နှင့် ဝန်ထမ်းများအချင်းချင်း မိသားစုသဖွယ် နွေးထွေးစွာ၊ စည်းစည်းလုံးလုံးဖြင့် အရှိန်အဟုန်မပျက် ခရီးဆက်နိုင်ရေးအတွက် ကျင်းပခြင်းဖြစ်ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉)ရပ်အနက် စီးပွားရေးဦးတည်ချက်တွင် "ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး" ဆိုသည့်အချက်ပါရှိပြီး ဝန်ကြီးဌာနသည် အလုပ်အကိုင်အခွင့်အလမ်းများဆိုင်ရာ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ဝန်ကြီးဌာန၏ မျှော်မှန်းချက်ဖြစ်သည့် "အလုပ်သမားရေးရာဥပဒေများနှင့်အညီ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန်" နှင့်အညီ မြန်မာနိုင်ငံ၌ အရည်အချင်းပြည့်ဝသော လုပ်သားအင်အားထု ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးနိုင်ရေး ရည်မှန်းချက်များ၊ မူဝါဒများ ချမှတ်ထားရှိပြီး အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် နှစ်စဉ်အမျိုးသားစီမံကိန်းများကို ရေးဆွဲလျက် လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ဝန်ကြီးဌာန၏ မျှော်မှန်းချက်ပန်းတိုင်ရောက်ရှိရေးအတွက် ဦးစီးဌာန၊ အဖွဲ့ရုံး အသီးသီးတို့က ရည်မှန်းချက်များချမှတ်ပြီး အလုပ်ရှင်၊ အလုပ်သမား ထုတစ်ရပ်လုံး ယုံကြည်လေးစားအားကိုးသည့် ဌာနတစ်ခုဖြစ်လာစေရေးအတွက် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

စိန်ရတုနေ့မှသည် ရှေ့ဆက်လက်၍ စိတ်သစ်၊ လူသစ်၊ စွမ်းအားသစ်များနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဝန်ကြီးဌာန၏ စွမ်းဆောင်ရည် တိုးတက်မြင့်မားရေးတို့အတွက် မိမိတို့ ဌာနအချင်းချင်း၊ ဝန်ထမ်းအချင်းချင်း စိတ်ကောင်းစေတနာကောင်းဖြင့် ဟန်ချက်ညီညီ ပေါင်းစည်းပြီး ဝန်ကြီးဌာန၏ ဆောင်ပုဒ်ဖြစ်သည့် Synchronizing Manpower နှင့်အညီ ကြိုးစားဆောင်ရွက်သွားခြင်းဖြင့် ဝန်ကြီးဌာန၏ဂုဏ်ကို မြှင့်တင်နိုင်ရေး စိန်ရတုနှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားတွင် ဝန်ကြီးဌာန၏ သမိုင်းကြောင်းအကျဉ်းကို Video Clip ဖြင့် တင်ဆက်ပြသပြီး အထူးဧည့်သည်တော် အငြိမ်းစား ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များကို ဂုဏ်ပြုလက်ဆောင်များ လက်ရောက်ပေးအပ်သည်။

ဆက်လက်၍ သင်တန်းတက်အရာရှိကြီး သုံးဦး၊ ဆောင်းပါးရေးသားပြုစုသူတစ်ဦး၊ သင်တန်း ထူးချွန်ဆုရရှိသူ ၁၅ ဦး၊ ထူးခြားစွမ်းဆောင်နိုင်ဆုရရှိသူ ငါးဦး၊ (၁၅) ကြိမ်နှင့်အထက် သွေးလှူရှင် ၁၆ ဦးနှင့် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနအဆင့် ဆောင်းပါး၊ ပန်းချီ၊ စာစီစာကုံး၊ ကဗျာပြိုင်ပွဲတွင် ဆုရရှိသူ ၁၀ ဦးတို့ကို ဌာနအကြီးအကဲများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက အထူးဧည့်သည်တော်များကို နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး ဝန်ထမ်းများအတွက် ကံစမ်းမဲဖောက်ပေးကာ တေးသရုပ်ဖော်အကများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၃၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအကောက်ခွန်နေ့ အခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၆**

(၃၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန ဇေယျာသီဟခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ၊ မြန်မာ့အာမခံလုပ်ငန်း၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အဖွင့်အမှာစကား ပြောကြားကြသည်။



အခမ်းအနား၌ အကောက်ခွန်ဦးစီးဌာနရှိ ဌာနခွဲများအလိုက် သင်တန်းထူးချွန်ဆုရရှိသူများ၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ပညာသင်ထောက်ပံ့ကြေးဆုရရှိသူများ၊ ဌာနခွဲအလိုက် ဝန်ထမ်းစွမ်းဆောင်ရည်ဆုရရှိသူများ၊ လုပ်ငန်းစွမ်းဆောင်ရည်ဆု (ချီးကျူးဂုဏ်ပြုဆု) ရရှိသူများ၊ ၂၀၂၁-၂၀၂၂ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရရှိသူများ၊ ဂုဏ်ပြုစစ်ရေးပြတပ်ခွဲ၊ ဂုဏ်ပြုမှတ်တမ်းတင် ရရှိသူများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဆုများချီးမြှင့်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အကောက်ခွန် သမိုင်းပြတိုက်သို့ လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပန်းတောင်းမြို့နယ် အထက(ကမြိုင်)၌ လူငယ်စကားဝိုင်းကျင်းပ

**ပန်းတောင်း ဇန်နဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် အထက (ကမြိုင်) အခြေခံပညာအထက်တန်းကျောင်းတွင် ယနေ့နံနက် ၁၀နာရီက အခြေခံ ပညာဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကျင်းပသည်။

ရှေးဦးစွာ ပန်းတောင်းမြို့နယ် ဒုတိယပညာရေးမှူး ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းအေးက လူငယ်စကားဝိုင်းများ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ကျောင်းအုပ်ဆရာကြီး ဦးသိန်းတန်က ကျေးဇူးတင်စကားပြန်လည် ပြောကြားခဲ့ကြောင်း သိရသည်။



**ဆွေးနွေး**

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းအေးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အထက (ကမြိုင်)အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသားကျောင်းသူများက လူငယ်နှင့် ဝါသနာ၊ လူငယ်နှင့်စိန်ခေါ်မှုများ၊ လူငယ်နှင့် အားကစား၊ အောင်မြင်တဲ့လူငယ်တစ်ယောက်ဖြစ်ဖို့ ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။ ယင်းနောက် တက်ရောက်လာသော ကျောင်းသားကျောင်းသူများက မိမိတို့၏အမြင်များကို ပြန်လည်ဆွေးနွေးခဲ့ကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် တံတားမြို့အတွင်းရှိ ပြည်သူအများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေး၊ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းရေးနှင့် ဗို့အားအပြည့်အဝရရှိစေရေးအတွက် မြို့တွင်းရှိ လျှပ်စစ်ဓာတ်ကြိုးလိုင်းများနှင့် မလွတ်ကင်းသော သစ်ကိုင်းများအား လျှပ်စစ်ဌာနမှ ဝန်ထမ်းများက ဇန်နဝါရီ ၂၆ ရက်က ခုတ်ထွင်ရှင်လင်းခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုစဉ်။ တင်ဝင်းတင်

# အစိုးရဓမ္မာစရိယ စာမေးပွဲ အချိန်ဇယား ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**
**သာသနာရေးဦးစီးဌာန**

ရက်စွဲ၊ ၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ( ၆ ) ရက်
၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ( ၂၆ ) ရက်

၁၃၈၄ ခုနှစ်(၂၀၂၃)ခုနှစ်၊ အစိုးရဓမ္မာစရိယ စာမေးပွဲကို အောက်ပါအချိန်ဇယားအတိုင်း ကျင်းပမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

**အစိုးရဓမ္မာစရိယစာမေးပွဲ အချိန်စာရင်း**

| ရက်စွဲ | အချိန် | ဘာသာ |
|---|---|---|
| ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း (၁)ရက် (၂၁-၃-၂၀၂၃)၊ အင်္ဂါနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း (၂)ရက် (၂၂-၃-၂၀၂၃)၊ ဗုဒ္ဓဟူးနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ (၂) |
| ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း (၃)ရက် (၂၃-၃-၂၀၂၃)၊ ကြာသပတေးနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း (၄)ရက် (၂၄-၃-၂၀၂၃)၊ သောကြာနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ (၂) |
| ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း (၅)ရက် (၂၅-၃-၂၀၂၃)၊ စနေနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း (၆)ရက် (၂၆-၃-၂၀၂၃)၊ တနင်္ဂနွေနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ (၂) |
| ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း (၇)ရက် (၂၇-၃-၂၀၂၃)၊ တနင်္လာနေ့ | - | တပ်မတော်နေ့ နားရက် |
| ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း (၈)ရက် (၂၈-၃-၂၀၂၃)၊ အင်္ဂါနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၄) နာရီအထိ | မြန်မာဂုဏ်ထူး<br>ပါစိတျာဒိပါဠိအဋ္ဌကထာ<br>သုတ်မဟာဝါ၊ သုတ်ပါထိကပါဠိအဋ္ဌကထာ<br>မဇ္ဈိမနိကာယပါဠိအဋ္ဌကထာ<br>သံယုတ္တနိကာယပါဠိအဋ္ဌကထာ<br>အင်္ဂုတ္တရနိကာယပါဠိအဋ္ဌကထာ<br>ဝိဘင်္ဂါဒိပါဠိအဋ္ဌကထာ<br>ပဋ္ဌိသမ္ဘိဒါမဂ္ဂပါဠိအဋ္ဌကထာ |
| ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း (၉)ရက် (၂၉-၃-၂၀၂၃)၊ ဗုဒ္ဓဟူးနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ပါဠိဂုဏ်ထူး<br>ပါစိတျာဒိပါဠိအဋ္ဌကထာ (၁)<br>သုတ်မဟာဝါ၊ သုတ်ပါထိကပါဠိအဋ္ဌကထာ(၁)<br>ဝိဘင်္ဂါဒိပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း (၁၀)ရက် (၃၀-၃-၂၀၂၃)၊ ကြာသပတေးနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ပါဠိဂုဏ်ထူး<br>ပါစိတျာဒိပါဠိအဋ္ဌကထာ (၂)<br>သုတ်မဟာဝါ၊ သုတ်ပါထိကပါဠိအဋ္ဌကထာ(၂)<br>ဝိဘင်္ဂါဒိပါဠိအဋ္ဌကထာ (၂) |

# ပါဠိပထမပြန်စာမေးပွဲ (ကြီး၊ လတ်၊ ငယ်၊ မူ)တန်း အချိန်စာရင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**
**သာသနာရေးဦးစီးဌာန**

ရက်စွဲ၊ ၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ( ၆ ) ရက်
၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ( ၂၆ ) ရက်

၁၃၈၄(၂၀၂၃)ခုနှစ်၊ ပါဠိပထမပြန်စာမေးပွဲ (ကြီး၊ လတ်၊ ငယ်၊ မူ)တန်းများကို အောက်ပါ အချိန်စာရင်းအတိုင်း ကျင်းပမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

**ပါဠိပထမပြန်စာမေးပွဲအချိန်စာရင်း**

| ရက်စွဲ | အချိန် | အတန်း | ဘာသာရပ် |
|---|---|---|---|
| ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း (၈)ရက် (၂၈-၃-၂၀၂၃)၊ အင်္ဂါနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ဝိနည်းကျင့်ဝတ်/ သုကုမာရမဂ္ဂဒီပနီ<br>ဘိက္ခုပါတိမောက်ဘာသာ/ ဓမ္မပဒ<br>ဒွေမာတိကာဘာသာ/ ဓမ္မပဒ<br>〃 |
| ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း (၉)ရက် (၂၉-၃-၂၀၂၃)၊ဗုဒ္ဓဟူးနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ကစ္စည်းသဒ္ဒါကြီးဘာသာ<br>〃<br>〃<br>〃 |
| ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း (၁၀)ရက် (၃၀-၃-၂၀၂၃)၊ ကြာသပတေးနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | အဘိဓမ္မတ္ထသင်္ဂဟဘာသာ<br>〃<br>〃<br>〃 |
| ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း (၁၁)ရက် (၃၁-၃-၂၀၂၃)၊ သောကြာနေ့ | မွန်းတည့် (၁၂)နာရီ မှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | တိကမာတိကာ<br>တိကမာတိကာ၊ ဒုကမာတိကာနှင့် ဓာတုကထာဘာသာ<br>သုတ္တန္တိကမာတိကာနှင့် ဓာတုကထာဘာသာ<br>အဘိဓာန်၊ အလင်္ကာ၊ ဆန်းဘာသာ |
| ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း (၁၂) ရက် (၁-၄-၂၀၂၃)၊ စနေနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ (၃) နာရီထိ | ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ဘာသာပြန်ဘာသာ<br>ယမိုက်အောက်(၅)ကျမ်းဘာသာ<br>ယမိုက်အထက်(၅)ကျမ်းဘာသာ |
| ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း(၁၃)ရက် (၂-၄-၂၀၂၃)၊တနင်္ဂနွေနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ (၃) နာရီထိ | ပထမလတ်တန်း<br>ပထမကြီးတန်း | ဘာသာပြန်ဘာသာ<br>ပဋ္ဌာန်းကုသလတိက်ဘာသာ |
| ၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း(၁၄)ရက် (၃-၄-၂၀၂၃)၊ တနင်္လာနေ့ | မွန်းတည့် (၁၂)နာရီမှ ညနေ (၃) နာရီထိ | ပထမကြီးတန်း | ဘာသာပြန်ဘာသာ |

**မှတ်ချက်။** လူနှင့်သီလရှင်များသည် (၂၈-၃-၂၀၂၃)ရက်နေ့တွင် ဝိနည်းဘာသာအစား ပထမကြီးတန်း၌ ဓမ္မပဒပါဠိ အဋ္ဌကထာ(သုခဝဂ်မှအဆုံးထိ)၊ ပထမလတ်တန်း၌ ဓမ္မပဒပါဠိအဋ္ဌကထာ (ပဏ္ဍိတဝဂ်မှဗုဒ္ဓဝဂ်အဆုံးထိ)၊ ပထမငယ်တန်း၌ ဓမ္မပဒပါဠိအဋ္ဌကထာ(အစမှဗာလဝဂ်အဆုံးထိ)၊ အခြေပြုမူလတန်း၌သုကုမာရမဂ္ဂဒီပနီ (လယ်တီ)တို့ကို ဖြေဆိုကြရန် ဖြစ်ပါသည်။

**✻ ကျောဖုံးမှ**

လက်ခံရယူမည့် ကာယကံရှင်မိသားစုဝင်များထံသို့ သွားရောက်ချီးမြှင့်အပ်နှင်းခဲ့ကြသည်။

ထိုသို့ ချီးမြှင့်အပ်နှင်းရာတွင် ကျန်းမာရေးအရ ထိုင်းနိုင်ငံတွင် ဆေးကုသမှုခံယူနေခဲ့သဖြင့် ဘွဲ့လက်ခံရယူနိုင်ခဲ့ခြင်းမရှိသည့် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ JMC-U အဖွဲ့ဝင် သိက္ခာတော်ရဆရာတော် စောမက်သယူးအေး ကို ကျောက်တံတားမြို့နယ်ရှိ မြို့တော်ခန်းမ၌ လည်းကောင်း၊ ကျန်းမာရေးအရ အိန္ဒိယနိုင်ငံတွင် ဆေးကုသမှုခံယူနေခဲ့သဖြင့် ဘွဲ့လက်မှတ်ရယူနိုင်ခဲ့ခြင်းမရှိသည့် သီရိပျံချီဘွဲ့ရရှိသူ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးအဖွဲ့ချုပ် နာယက ဦးနန္ဒ ကို ၎င်း၏နေအိမ်၌ လည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့များကို နေအိမ်သို့ သွားရောက်၍ လက်ဝယ်အရောက် ချီးမြှင့်အပ်နှင်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက အမှတ်(၂) တပ်မတော်ဆေးရုံသို့ အောက်ဆီဂျင်စက်များ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ဆေးရုံတက်ရောက်ကုသနေသော လူနာများအသုံးပြုနိုင်ရန်အတွက် အောက်ဆီဂျင်စက် ခြောက်လုံး ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်(၂) တပ်မတော်ဆေးရုံ၌ ကျင်းပသည်။



အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)နှင့် ကောင်စီဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ တက်ရောက်ကြသည်။ ဥက္ကဋ္ဌက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားကာ တစ်လုံးလျှင် ငွေကျပ် ၂၀၃၀၀၀၀ တန်ဖိုးရှိ အောက်ဆီဂျင်စက်ခြောက်လုံးကို ပေးအပ်လှူဒါန်းရာ အမှတ်(၂) တပ်မတော်ဆေးရုံ တပ်မှူး ဗိုလ်မှူးချုပ် ဇော်မျိုးဟန်က လက်ခံရယူသည်။

ထို့နောက် တပ်မှူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာသံရုံး လန်ဒန်မြို့၏ တုံ့ပြန်ချက် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ယုံတမ်းပြောစကားများနှင့် ဖြစ်ရပ်မှန်များ

The Guardian သတင်းစာ၌ “The Guardian view on Myanmar’s military: in power but not in control” ခေါင်းစဉ်ဖြင့် အယ်ဒီတာ့အာဘော်နှင့် ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး James Cleverly ရေးသားသော “Britain is not a passive observer on the world stage. We want oligarchs and dictators to fear us” ဆောင်းပါး တို့ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နှင့် ၉ ရက်တို့တွင် အသီးသီး ဖော်ပြခဲ့ပါသည်။ အဆိုပါဆောင်းပါးများတွင် မြန်မာနိုင်ငံနှင့်ပတ်သက် ၍ မဟုတ်မမှန်ရေးသားချက်များကို စိတ်ပျက်ဖွယ် တွေ့ရှိရပါသည်။ The Guardian ၏ ဆောင်းပါးများကို တုံ့ပြန်ရန် မြန်မာသံရုံး လန်ဒန် မြို့မှ “Understanding myths and realities of Myanmar” ခေါင်းစဉ်ဖြင့် စာလုံးရေ ၈၀၀ ခန့်ပါ The Guardian အယ်ဒီတာထံ ပေးစာကို The Guardian ၏ Readers’ Editor ထံသို့ ရေးသားပေးပို့ခဲ့ပါ သည်။ သို့ရာတွင် The Guardian ဆောင်းပါးပါ ရေးသားချက်များအပေါ် ပြင်ဆင်ချက်နှင့် အယ်ဒီတာ၏ စည်းကမ်းများအရ တုံ့ပြန်ချက်မလို အပ်ဟု ယူဆကြောင်းနှင့် မြန်မာသံရုံး၏ ဆောင်းပါးသည် The Guardian ၏ စာလုံးရေ ၃၀၀ ကန့်သတ်ချက်ကို ကျော်လွန်ပြီး စာရေးသူအမည် ဖော်ပြထားမှုမရှိသဖြင့် ရွေးချယ်ခြင်းမပြုခဲ့ကြောင်း မြန်မာသံရုံးသို့ The Guardian မှ အကြောင်းပြန်ကြားခဲ့ပါသည်။ သို့သော်လည်း The Guardian တွင် နေ့စဉ်ဖော်ပြနေသည့် အယ်ဒီတာ့ ထံပေးစာများမှာ အဆိုပါစာလုံးရေ ၃၀၀ ကန့်သတ်ချက်ကို အမြဲ ကျော်လွန်လျက်ရှိကြောင်း မြန်မာသံရုံးမှ တွေ့ရှိရပါသည်။ အထက် ဖော်ပြပါ အခြေအနေများကြောင့် လန်ဒန်မြို့ရှိ မြန်မာသံရုံးအနေဖြင့် The Guardian သတင်းစာတွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ဖော်ပြခဲ့ သည့် ဆောင်းပါးနှစ်ပုဒ်အပေါ် အောက်ဖော်ပြပါအတိုင်း တုံ့ပြန်အပ်ပါ သည် –

မကြာသေးမီက The Guardian သတင်းစာတွင် ဖော်ပြခဲ့သည့် အယ်ဒီတာ့အာဘော်နှင့် ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး၏ ဆောင်းပါး များသည် နိုင်ငံတော်အစိုးရအား ပြည်သူများအပေါ် ထင်သလို ရမ်းကား နေသည့်ပုံစံ ဖော်ညွှန်းရေးသားခဲ့ကြပါသည်။ အနောက်တိုင်းမီဒီယာ များကြောင့် မြန်မာနိုင်ငံအပေါ် အထင်မှားအမြင်မှား ဖြစ်စေခဲ့သည့် အပြင် အနောက်နိုင်ငံများအနေဖြင့် ၎င်းတို့နိုင်ငံခြားရေးမူဝါဒကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံသည် လွယ်ကူသော ပစ်မှတ် တစ်ခုဖြစ်ခဲ့ပါသည်။ ထို့ကြောင့် မြန်မာသံရုံးအနေဖြင့် အောက်ပါ အတိုင်း ဖြေရှင်းအပ်ပါသည်။

ရှေးဦးစွာ တပ်မတော်က အာဏာသိမ်းသည်ဟု စွပ်စွဲနေခြင်းမှာ မှားယွင်းနေပြီး အမှန်စင်စစ်မှာ အာဏာသိမ်းခြင်းမဟုတ်ဘဲ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်နေခြင်းသာ ဖြစ်ပါသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် မမှန်ကန်မှုများရှိခဲ့ပြီး နိုင်ငံရေးပါတီများနှင့် တပ်မတော်က အလေး ထား တောင်းဆိုခဲ့သော်လည်း ယခင်အစိုးရလက်ထက်တွင် ဖြေရှင်း ပေးရန် ပျက်ကွက်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် ၃၈ ဒသမ ၂၇ သန်းအနက် ၁၁ ဒသမ ၃၀ သန်း (၂၉ ဒသမ ၅၄ ရာခိုင်နှုန်း) မှာ မဲစာရင်းလွဲမှားမှုများ ရှိနေကြောင်း နောက်ပိုင်းတွင် စိစစ်တွေ့ရှိခဲ့ရပါသည်။ စေ့စပ်ညှိနှိုင်း ရေးအတွက် တပ်မတော်အနေဖြင့် ဥပဒေဘောင်အတွင်းမှ လုပ်ဆောင် ခဲ့သော်လည်း လျစ်လျူရှုခြင်းကို ခံခဲ့ရပါသည်။

ထို့ကြောင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော် တစ်ဝန်း အရေးပေါ်အခြေအနေ ကြေညာချက်ထုတ်ပြန်ခြင်းမှတစ်ပါး အခြားရွေးချယ်စရာ မရှိခဲ့ပါ။ တပ်မတော်သည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်သူအဖြစ် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းခဲ့ကာ ဒီမိုကရေစီစံနှုန်းများနှင့်အညီ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ကျင်းပပြီးနောက် အနိုင် ရရှိသည့်ပါတီသို့ အခွင့်အာဏာ ပြန်လည်အပ်နှင်းရန် တာဝန်ယူဆောင် ရွက်လျက်ရှိပါသည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သည် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော တရားဝင်အစိုးရဖြစ်သည်မှာ သံသယဖြစ်ဖွယ် မရှိပါ။

မတရားအသင်းများ ဖြစ်ကြသည့် CRPH ၊ NUG နှင့် PDF အဖွဲ့ များအနေဖြင့် တရားဝင်ဖြစ်စေရန် ကြိုးပမ်းမှုများရှိသော်လည်း ၎င်းတို့သည် ပြည်ပရောက် နိုင်ငံရေးသမားများနှင့် အစွန်းရောက်များ ဖြင့် ဖွဲ့စည်းထားသည့် အကြမ်းဖက်အဖွဲ့အစည်းများသာ ဖြစ်သည်။ ငြိမ်းချမ်းမှုနှင့် တည်ငြိမ်ရေးကို အနှောင့်အယှက်ပြုရန်နှင့် အပြစ်မဲ့ အရပ်သားများကို ကြောက်ရွံ့မှု တိုးမြင့်လာစေရန် ၎င်းတို့သည် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လာခဲ့သည်။ အပြစ်မဲ့အရပ်သား များအား တိုက်ခိုက်ရန် လက်နက်ခဲယမ်းမီးကျောက်များနှင့် ပေါက်ကွဲ စေတတ်သော ဆက်စပ်ပစ္စည်းများကို ယင်းအဖွဲ့များထံမှ သိမ်းဆည်း ရမိခြင်းတို့ကို ထောက်ရှု၍ ၎င်းတို့သည် အစိုးရဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အမြင်မတူသော နိုင်ငံရေး ပါတီဝင်များကို ရက်စက်စွာ လုပ်ကြံသတ်ဖြတ်နေကြောင်း သက်သေ ပြလျက်ရှိပါသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်အထိ အဆိုပါ မတရားအသင်းအဖွဲ့အစည်းများ၏ လုပ်ရပ် ကြောင့် အပြစ်မဲ့ပြည်သူ ၄၅၄၃ ဦး သေဆုံးခဲ့ပါသည်။ နိုင်ငံတော် အစိုးရအနေဖြင့် တရားဥပဒေစိုးမိုးရေးအတွက် ကြိုးပမ်းနေချိန်တွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ချိုးဖောက်သူများကို ဥပဒေအရ အရေးယူခဲ့ပြီး ကျူးလွန်သူအချို့မှာ အကြမ်းဖက်ရာဇဝတ်မှုများနှင့် အကြမ်းဖက်လုပ်ရပ်များကြောင့် သေဒဏ်ချမှတ်ခြင်းခံခဲ့ရပါသည်။ တစ်ချိန်တည်းမှာပင် နိုင်ငံတော်အစိုးရသည် လူသားချင်း စာနာထောက်ထားမှုအနေဖြင့် နိုင်ငံခြားသားများအပါအဝင် အကျဉ်းသားများကို လွတ်ငြိမ်းခွင့်ပေးခဲ့ပါသည်။ သို့သော်လည်း တစ်ဖက်တွင်မူ နိုင်ငံတော်အစိုးရသည် အကြမ်းဖက်သွေးထိုးလှုံ့ဆော် နေပြီး မိမိပြည်သူကို မိမိနှိမ်နင်းသကဲ့သို့ သရုပ်ဖော်ခံနေရပါ သည်။

The Guardian အယ်ဒီတာ့အာဘော်သည် မြန်မာနိုင်ငံ၏ လက်ရှိ အခြေအနေနှင့် လုံးဝကွဲလွဲနေပါသည်။ အမှန်တကယ်တွင် မြန်မာနိုင်ငံ ၌ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ၏ လူမှုစီးပွားဘဝများကို အာမခံချက်ပေးနိုင်ရေးအတွက် နိုင်ငံတော် အစိုးရမှ အပြည့်အဝတာဝန်ယူဆောင်ရွက်လျက်ရှိနေပါသည်။ နိုင်ငံ တော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရွေးကောက်ပွဲမသမာမှုများကို ဖြေရှင်းရေး၊ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး၊ စီးပွားရေး ပြန်လည်ဦးမော့လာစေရေး၊ ငြိမ်းချမ်းရေးနှင့် အထွေထွေရွေးကောက်ပွဲ ကျင်းပရေးတို့အတွက် လမ်းပြမြေပုံ (၅) ရပ်ကို ချမှတ်ထားသည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းအတွက် တစ်ခုတည်းသော လမ်းပြမြေပုံသာ ဖြစ်ပေသည်။ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ် နှစ်နှစ်စလုံး မြန်မာနိုင်ငံသို့ လာရောက်ခဲ့သူများအနေဖြင့် အကြမ်းဖက်လုပ်ရပ်များနှင့် ကိုဗစ်–၁၉ ကြောင့် ခံစားခဲ့ရသည့် စီးပွား ရေးအကျပ်အတည်းများ အခြေအနေမှ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတော်အစိုးရအနေဖြင့် မည်မျှဆောင်ရွက်ပေးနိုင်ခဲ့သည် ကို သတိပြုမိကြပေလိမ့်မည်။

ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးက ဗြိတိန်၏ ပိတ်ဆို့အရေးယူမှုများ ထိရောက်မှုနှင့် ပိတ်ဆို့အရေးယူမှုများကို ဗြိတိန်၏ ကိုယ်ပိုင်ဆုံးဖြတ် ချက်ဖြင့် ထိရောက်စွာ မည်သို့မည်ပုံချမှတ်နိုင်ကြောင်း စောဒက တက်ခဲ့ပါသေးသည်။ သို့သော် ပိတ်ဆို့အရေးယူမှုများသည် အလုပ် မဖြစ်သည့်အပြင် သာမန်အခြေခံလူတန်းစားကို ထိခိုက်နေစေမည်သာ ဖြစ်သည်ဆိုသည့်အချက်ကို ထည့်သွင်းစဉ်းစားခဲ့မိပုံ မရပေ။ ပိတ်ဆို့ အရေးယူမှုများသည် မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို နှောင့်နှေးစေမည်သာဖြစ်ပြီး ရခိုင်ပြည်နယ်အရေးကိစ္စ အပါအဝင် မြန်မာနိုင်ငံ၏ ပြည်တွင်းပဋိပက္ခများသည် ကိုလိုနီခေတ်၏ ဆိုးမွေများ ဖြစ်ကြောင်း သတိချပ်သင့်ပေသည်။ ဗြိတိန်အနေဖြင့် ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးခဲ့ချိန်မှစ၍ ယနေ့အထိ ၎င်းတို့တွင် တာဝန်ရှိခဲ့ကြောင်း ဝန်ခံခဲ့ခြင်း မရှိသေးပေ။

မြန်မာနိုင်ငံသည် နိုင်ငံတကာအသိုက်အဝန်းတွင် တာဝန်သိ နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံတကာ၏ စိုးရိမ်မှုများကို နားလည်ပါ သည်။ သို့သော်လည်း အာဆီယံ၏ တူညီဆန္ဒ (၅) ရပ် အပါအဝင် ပြင်ပမှ လုပ်ငန်းစဉ်များသည် နိုင်ငံတော်အစိုးရ၏ လမ်းပြမြေပုံ (၅) ရပ်နှင့် ဆန့်ကျင်ဘက်မဖြစ်စေဘဲ သဟဇာတဖြစ်ရန် လိုအပ်ပါသည်။ ပိတ်ဆို့အရေးယူမှုများ ချမှတ်ခြင်း၊ အချိန်ကာလသတ်မှတ်ခြင်းနှင့် ဖိအားပေးခြင်းတို့သည် မြန်မာနိုင်ငံအပေါ် အပြုသဘောဆောင်သော သက်ရောက်မှုများထက် ပိုမို၍အပျက်သဘောဆောင်သည့် သက် ရောက်မှုများကိုသာ ဖန်တီးပေးနေမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် နိုင်ငံတကာ၏ နားလည်မှု လိုအပ်နေပါသည်။ သို့သော်လည်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကို နိုင်ငံတကာ၏ ထောက်ခံမှုရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ဆက်လက်လျှောက်လှမ်း သွားမည်သာဖြစ်ပေသည်။

■

## မြိတ်တက္ကသိုလ်နှင့် ဂျပန်နိုင်ငံ ဟီရိုရှီးမားတက္ကသိုလ်တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းအခမ်းအနား ကျင်းပ

**မြိတ် ဇန်နဝါရီ ၂၆**

မြိတ်တက္ကသိုလ်နှင့် ဂျပန်နိုင်ငံ ဟီရိုရှီးမား တက္ကသိုလ်တို့နားလည်မှုစာချွန်လွှာ (MoU)ရေးထိုးခြင်း အခမ်းအနားကို မြိတ်တက္ကသိုလ် ပုလဲသစ္စာခန်းမ၌ ယနေ့ နံနက် ၁၀ နာရီတွင်ကျင်းပသည်။ အဆိုပါ အခမ်းအနားသို့ မြိတ်တက္ကသိုလ်မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူး)များ၊ စီမံ/ ဘဏ္ဍာ(ဌာနမှူး)၊ သင်တန်းရေးရာ(ဌာနမှူး)၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစု ပေါင်း ၄၄ ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ မြိတ်တက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာဝင်းဝင်းသန်းက မြိတ် တက္ကသိုလ်နှင့် ဟီရိုရှီးမားတက္ကသိုလ်တို့အကြား ဒုတိယအကြိမ် နားလည်မှုစာချွန်လွှာထပ်မံရေးထိုး နိုင်ခြင်းအတွက် ဝမ်းမြောက်မိပါကြောင်းနှင့်သုတေသန ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဟီရိုရှီးမားတက္ကသိုလ်မှ ပါမောက္ခ Dr. Kazuiko Koike ကလည်း တက္ကသိုလ်နှစ်ခုအကြား ကျောင်းသား ကျောင်းသူ ဖလှယ်ရေးအစီအစဉ်နှင့် အဏ္ဏဝါသိပ္ပံဘာသာရပ်ဆိုင်ရာ အသိပညာများ မျှဝေ ပေးသွားမည့်အကြောင်း ဆွေးနွေးသည်။ ထို့နောက် တက္ကသိုလ်နှစ်ခုအကြား နားလည်မှုစာချွန်လွှာ ရေးထိုးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။



ယင်းကဲ့သို့ နားလည်မှုစာချွန်လွှာ ရေးထိုးနိုင် ခြင်းကြောင့် မြိတ်တက္ကသိုလ်နှင့် ဟီရိုရှီးမား တက္ကသိုလ်တို့အကြား နားလည်မှုစာချွန်လွှာ ရေးထိုး ခြင်းအားဖြင့် နှစ်ဖက်အဖွဲ့အစည်းမှ ပညာရှင်များ အသိပညာများ ဖလှယ်နိုင်ခြင်း၊ Seminar၊ Workshop၊ Conference များ ပူးပေါင်းဆောင်ရွက်၍ ပညာရပ်ဆိုင်ရာကဏ္ဍများ တိုးတက်လာစေခြင်း၊ ကျောင်းသား ကျောင်းသူများ ဖလှယ်၍ သင်ကြား၊ သင်ယူမှုကဏ္ဍ တိုးတက်လာစေခြင်း၊ တက္ကသိုလ် ဌာနများရှိ သုတေသနပညာရှင်များဖလှယ်၍ သုတေသနအရည်အသွေးများ မြင့်တက်လာစေခြင်း၊ နိုင်ငံတကာ သုတေသနဂျာနယ်များတွင် ပူးပေါင်း သုတေသနများ ဆောင်ရွက်ထုတ်ဝေနိုင်ခြင်း၊ နိုင်ငံ တကာပူးပေါင်းဆောင်ရွက်မှုအရှိန်အဟုန်မြှင့်တင် စေခြင်း စသည့် အကျိုးကျေးဇူးများစွာကို ရရှိနိုင်မည် ဖြစ်ကြောင်း သိရသည်။

**ကောင်းကောင်း(မြိတ်)**

# ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဘုရားကျောင်းကန်များ သန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် စေတီပုထိုးများအား ထုံးသက်န်းကပ်ခြင်းများ ကြည့်ရှုအားပေး

ပုသိမ် ဇန်နဝါရီ ၂၆

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ရှစ်ခရိုင်၊ မြို့နယ် ၂၆ မြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာများတွင် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ ဦးဆောင်ကာ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများက မိမိတို့ ခရိုင်၊ မြို့နယ်များအလိုက် ဘုရားကျောင်းကန်များ သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် စေတီပုထိုးများအား ထုံးသင်္ကန်းကပ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ပုသိမ်မြို့ရှိ လေးကျွန်းရန်အောင်ဖောင်တော်ဦးစေတီတော်မြတ်၊ တဂေါင်းမင်္ဂလာမဟာစေတီတော်မြတ်၊ လောကနန္ဒာစေတီတော်မြတ်နှင့် ပုသိမ်မြို့ပေါ်ရှိ ဘုရားစေတီများအား ရေသပ္ပာယ်ခြင်း၊ ထုံးသင်္ကန်းကပ်ခြင်း၊ ရောင်တော်ဖွင့်ခြင်း၊ စေတီတော်ရင်ပြင်တော်များအား တံမြက်လှည်းသန့်ရှင်းရေး ကုသိုလ်ယူခြင်းများဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့အတူ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတွင်လည်း ဘုရားကျောင်းကန်များ သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် စေတီပုထိုးများအား ထုံးသင်္ကန်းကပ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**





# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဘုန်းတော်ကြီးကျောင်းများ၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများတွင် စုပေါင်းသန့်ရှင်းရေးနှင့် ထုံးသင်္ကန်းကပ်လှူပူဇော်နေမှု ကြည့်ရှုအားပေး

**ဘားအံ ဇန်နဝါရီ ၂၆**

ကရင်ပြည်နယ် ဘားအံမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများ၊ စေတီ၊ ပုထိုးများနှင့် သာသနိကအဆောက်အအုံများတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ခြင်းနှင့် ထုံးသင်္ကန်းများ ကပ်လှူပူဇော်ခြင်းတို့ကို ဇန်နဝါရီ ၂၆ ရက် နံနက် ၆ နာရီခွဲခန့်က သက်ဆိုင်ရာကျောင်းတိုက် အသီးသီးတွင် ဆောင်ရွက်ကြရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် အစိုးရအဖွဲ့ဝင်များ လှည့်လည်ကြည့်ရှုအားပေးကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့ အမှတ်(၄) ရပ်ကွက်ရှိ မြို့တော်ဦးဘုန်းတော်ကြီးကျောင်း ပရိဝုဏ်နှင့် ဇိနမာရ်အောင်စေတီတော်၊ အမှတ်(၃)ရပ်ကွက်ရှိ ရွှေဘိုကျောင်းတိုက်ပရိဝုဏ်နှင့် ထူပဝင်စေတီတော်၊ အမှတ်(၂)ရပ်ကွက်ရှိ အမိတာရာမရဲကျောင်း ပရိဝုဏ်နှင့် ဗောဓိမဏ္ဍိုင်မြကံသာစေတီတော်၊ အမှတ်(၂)ရပ်ကွက်ရှိ ရွှေရင်မျှော်ပြည်တော်စေတီတော်၊ အမှတ်(၂)ရပ်ကွက်ရှိ သေဌမာရ်အောင်ဘုရားကြီး ပရိဝုဏ်နှင့် ဆုတောင်းပြည့်ကောင်းမှုတော်စေတီတော်၊ အမှတ်(၉) ရပ်ကွက်ရှိ စကြာလင်းအေးဘောမဲကျောင်းပရိဝုဏ်နှင့် စကြာလင်းအေးစေတီ၊ အမှတ်(၆) ရပ်ကွက် ဇမ္ဗူမြိုင်ကျောင်းတိုက် ပရိဝုဏ်နှင့် ကမ္ဘာ့ရန်အေးဓမ္မစေတီတော်တို့တွင် နယ်မြေခံ တပ်ရင်း တပ်ဖွဲ့များမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ စုပေါင်း၍ စွန့်ပစ်ပလတ်စတစ်နှင့် အမှိုက်များ ရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းအစရှိသော သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် စေတီတော်များအား ရောင်တော်ဖွင့်ခြင်း၊ ဆေးသင်္ကန်း/ထုံးသင်္ကန်းများ ကပ်လှူပူဇော်ခြင်းတို့ကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ကျောင်းတိုက်အသီးသီးမှ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မ အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ အဆိုပါကျောင်းတိုက်များနှင့် ဘားအံမြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးတွင် နံနက် ၈ နာရီခန့်မှစ၍ ဆရာတော်၊ သံဃာတော်များ၊ ဝတ်ရွတ်အသင်းများ၊ လူပုဂ္ဂိုလ်များက ဓဇဂ္ဂသုတ်နှင့် အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း ပရိတ်တရားတော်များကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ရွတ်ဖတ်သရဇ္ဈာယ်ပူဇော်မှုအား နာယူကြည်ညိုကြပြီး ဆရာတော်၊ သံဃာတော်များအား နဝကမ္မ အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ကရင်ပြည်နယ်အတွင်းရှိ ကော့ကရိတ်၊ မြဝတီ၊ လှိုင်းဘွဲ၊ ကြာအင်းဆိပ်ကြီး၊ ဖာပွန်၊ သံတောင်ကြီးမြို့နယ်များတွင်လည်း ကျောင်းတိုက်များ၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ထုံးသင်္ကန်းကပ်လှူပူဇော်ခြင်းများ၊ ဓဇဂ္ဂသုတ်နှင့် အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ကျိုက်ထိုမြို့ ရွှေဘုံသာဘုရားဝင်းအတွင်းရှိ စေတီတော်များအား ရေသပ္ပာယ်၍ ရွှေသင်္ကန်းကပ်လှူ

ကျိုက်ထို ဇန်နဝါရီ ၂၆

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ စုပေါင်းကာ ယနေ့နံနက် ၇ နာရီက ကံ့ကော်ရပ်ကွက် ရွှေဘုံသာဘုရားဝင်းအတွင်းရှိ စေတီတော်များအား ရွှေသင်္ကန်းကပ်လှူရောင်တော်ဖွင့်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်ခြင်းနှင့် စေတီတော်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျိုက်ထိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်နိုင်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းစိုးနှင့် အဖွဲ့ဝင်များ၏ ဦးဆောင်မှုဖြင့် ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ စုပေါင်းကာ စေတီတော်များအား အမှိုက်သရိုက်များ ရှင်းလင်းပြီး ရွှေသင်္ကန်းကပ်လှူ ရောင်တော်ဖွင့်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်ခြင်း၊ ဘုရားဝင်း ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း စသည်တို့ကို အင်အား ၁၀၀ ခန့်ဖြင့် တပျော်တပါး ပူးပေါင်းဆောင်ရွက်ကြသည်။

ကျိုက်ထိုမြို့နယ်၌ မွန်ပြည်နယ်အစိုးရအဖွဲ့၏ စီမံလမ်းညွှန်မှုဖြင့် မြို့သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးတို့အတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းများကို အပတ်စဉ်တိုင်း ဆောင်ရွက်လျက်ရှိပြီး စေတီပုထိုးများ၊ စာသင်ကျောင်း၊ ဆေးရုံများ၊ မြို့တွင်းလမ်းများ၊ ရေနုတ်မြောင်းများ စသည့် အများပြည်သူအသုံးပြုရာနေရာများကို ဦးစားပေးကာ လိုက်လံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# သထုံမြို့ ဘုရားခြောက်ဆူကျောင်းတိုက်အတွင်းရှိ စေတီတော်များ စုပေါင်းထုံးသင်္ကန်းကပ်လှူ



သထုံ ဇန်နဝါရီ ၂၆

မွန်ပြည်နယ် သထုံမြို့နယ်၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ စုပေါင်းကာ ယနေ့နံနက် ၇ နာရီက လိပ်အင်းရပ်ကွက် ဘုရားခြောက်ဆူကျောင်းတိုက်အတွင်းရှိ စေတီတော်များအား ထုံးသင်္ကန်းကပ်လှူရောင်တော်ဖွင့်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်ခြင်းနှင့် စေတီတော်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် သထုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှိုင်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းနှင့် အဖွဲ့ဝင်များ၏ ဦးဆောင်မှုဖြင့် ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ စုပေါင်းကာ ဘုရားခြောက်ဆူစေတီတော်များအား အမှိုက်သရိုက်များရှင်းလင်းပြီး ထုံးသင်္ကန်းကပ်လှူ ရောင်တော်ဖွင့်ခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်ခြင်း၊ ကျောင်းတိုက်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း စသည်တို့ကို အင်အား ၂၂၀ ခန့်ဖြင့် တပျော်တပါး ပူးပေါင်းဆောင်ရွက်ကြသည်။

သထုံမြို့နယ်၌ မွန်ပြည်နယ်အစိုးရအဖွဲ့၏ စီမံလမ်းညွှန်မှုဖြင့် မြို့သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးတို့အတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းများကို အပတ်စဉ်တိုင်း ဆောင်ရွက်လျက်ရှိပြီး စေတီပုထိုးများ၊ စာသင်ကျောင်း၊ ဆေးရုံများ၊ မြို့တွင်းလမ်းများ၊ ရေနုတ်မြောင်းများ စသည့် အများပြည်သူအသုံးပြုရာနေရာများကို ဦးစားပေးကာ လိုက်လံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်၍ မြစ်ကြီးနားမြို့ရှိ သမိုင်းဝင်စေတီဘုရားပုထိုးများတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်

မြစ်ကြီးနား ဇန်နဝါရီ ၂၆

ကချင်ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်၍ မြစ်ကြီးနားမြို့ရှိ သမိုင်းဝင်စေတီပုထိုးများတွင် ဘုရားဖူးလာရောက်ကြမည့် ရဟန်း၊သံဃာတော်များနှင့် အများပြည်သူများ စိတ်အေးချမ်းသာစွာ တရားဘာဝနာပွားများ၍ ဖူးမြော်ကြည်ညိုနိုင်စေရန်နှင့် ဘုရားဝန်းကျင် သန့်ရှင်းသာယာလှပစေရန်အတွက် ဇန်နဝါရီ ၂၆ ရက် နံနက် ၇ နာရီခွဲက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။



ထိုသို့ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး ဒေါ်နန်ဆိုင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက မြစ်ကြီးနားမြို့ လောကမာရ်အောင် ဆုတောင်းပြည့်စေတီတော် ဘုရားပရိဝုဏ် အတွင်းနှင့် အပြင်တို့တွင် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ စည်ပင်သာယာရေး ဝန်ထမ်းများ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ စုပေါင်း၍ ဘုရားဝန်းကျင် သန့်ရှင်းသာယာလှပစေရန် သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များကောက်ယူခြင်း၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး တူးဖော်ပေးခြင်း၊ ရေတွင်း/ရေကန်များ သန့်ရှင်းပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြပြီး သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်နေသူများအား ရင်းရင်းနှီးနှီး အားပေးစကားများပြောကြားကာ နံနက်စာအဖြစ် မုန့်များ ဝေငှခဲ့ကြသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အံ်တော်ရှင်စေတီတော်ဘုရား ပရိဝုဏ်အတွင်းနှင့် အပြင်တို့တွင်လည်း ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး မုန့်နှင့် ရေသန့်ဘူးများကို ဝေငှခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



## မိုးနဲမြို့နယ်၌ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းအခမ်းအနား ကျင်းပ

မိုးနဲ ဇန်နဝါရီ ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ်တွင် အပြင်အောင်ခြင်းရှစ်ပါး၊ အတွင်းအောင်ခြင်းရှစ်ပါးနှင့် ဓဇဂ္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းအခမ်းအနားကို လွိုင်မြေရပ်ကွက်ရှိ ဦးရွှေအောင်ဓမ္မာရုံနှင့် နာဟောင်ရပ်ကွက် မြောက်နှစ်ကျိပ်ရှစ်ဆူ ဆုတောင်းပြည့်ဘုရား၌ ယနေ့နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့် ဧည့်ပရိသတ်အပေါင်းတို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး အပြင်အောင်ခြင်းရှစ်ပါး၊ အတွင်းအောင်ခြင်းရှစ်ပါးနှင့် ဓဇဂ္ဂသုတ်၊ မေတ္တာသုတ် စသည့် အန္တရာယ်ကင်းပရိတ်တရားတော်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ လွိုင်မြေရပ်ကွက် ဂေါပကအဖွဲ့နှင့် ဝတ်ရွတ်အဖွဲ့များ၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ရွတ်ဆိုပူဇော်ကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သော မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်သွယ်သွယ်ဇင့်နှင့် မိသားစုအဖွဲ့ဝင်များက မြောက်နှစ်ကျိပ်ရှစ်ဆူ ဘုရားပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)

## ထားဝယ်မြို့တွင် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်

ထားဝယ် ဇန်နဝါရီ ၂၆

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်အတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေး ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများနှင့် ပန်းသုံးဝဘုန်းတော်ကြီးကျောင်းတွင် အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခဲ့ကြောင်း သိရသည်။



ထို့နောက် သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝတ်ရွတ်အသင်းများနှင့် ရပ်မိရပ်ဖများက အပြင်အောင်ခြင်းရှစ်ပါး၊ အတွင်းအောင်ခြင်းရှစ်ပါး၊ ပါဠိတော်များနှင့် ပရိတ်ကြီး(၁၁)သုတ်မှ ဓဇဂ္ဂသုတ်အား ရွတ်ဆိုပူဇော်ပေးကြပြီး ဝတ်အသင်းများက အပြင်အောင်ခြင်းရှစ်ပါးနှင့် ပရိတ်ကြီး(၁၁)သုတ်မှ ဓဇဂ္ဂသုတ်တော် မြန်မာပြန်ကို ဆက်လက် ရွတ်ဆို ပူဇော်ပေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## နမ္မတူမြို့နယ်တွင် တန်ခိုးကြီးစေတီဘုရားများ၌ အပြင်အောင်ခြင်းရှစ်ပါး၊ အတွင်းအောင်ခြင်းရှစ်ပါး ပါဠိတော်နှင့်လင်္ကာ၊ ဓဇဂ္ဂသုတ်ပရိတ်တရားတော် ရွတ်ဖတ်ပူဇော်

နမ္မတူ ဇန်နဝါရီ ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ်တွင် တန်ခိုးကြီး စေတီဘုရားများ၌ အပြင်အောင်ခြင်းရှစ်ပါး၊ အတွင်းအောင်ခြင်းရှစ်ပါး ပါဠိတော်နှင့် လင်္ကာ၊ ဓဇဂ္ဂသုတ်ပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ခြင်းကို ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ ရွတ်ဖတ်ပူဇော်ရာတွင် ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီတွင် နေပြည်တော်၌ တည်ထားကိုးကွယ်မည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပလ္လင်တော်ထက်သို့ စတင်ပင့်ဆောင်ချိန်တွင် နမ္မတူမြို့ တန်ခိုးကြီး စေတီဘုရားများ၌ သံဃာတော် အရှင်သူမြတ်များနှင့် ဝတ်ရွတ်အဖွဲ့များက အပြင်အောင်ခြင်း ရှစ်ပါး၊ အတွင်း အောင်ခြင်း ရှစ်ပါး ပါဠိတော်နှင့် လင်္ကာ၊ ဓဇဂ္ဂသုတ် ပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ကြသည်။

ထို့အပြင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းထွန်း ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက နမ္မတူမြို့ ပန်ဟိုက်ရပ်ကွက်အတွင်းရှိ မဟာဘုံကျောင်းတိုက်၊ မိုးကုတ်ဘုန်းတော်ကြီးကျောင်း၊ မြို့လယ် ကျောင်းတိုက်တို့ရှိ သာသနိကအဆောက်အအုံများ၊ ဘုရားစေတီများတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြန်အောင်၌ ဆရာတော်၊ သံဃာတော်များနှင့် ဝတ်အသင်းသူများ အောင်ခြင်းရှစ်ပါး ပါဠိနှင့် ဓဇဂ္ဂသုတ်ပရိတ်တော်မြတ် ရွတ်ပွားပူဇော်

မြန်အောင် ဇန်နဝါရီ ၂၆

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ ဆုတောင်းပြည့်ဘုရား၌ ယနေ့နံနက် ၈ နာရီ ၁၀ မိနစ်တွင် ဆရာတော်၊ သံဃာတော်များနှင့်ဝတ်အသင်းသူများက အောင်ခြင်းရှစ်ပါး ပါဠိနှင့် ဓဇဂ္ဂသုတ် ပရိတ်တော်မြတ်ကို ရွတ်ပွားပူဇော်ကြသည်။

အခမ်းအနားတွင် နမောတဿ သုံးကြိမ်ရွတ်ဆိုပူဇော်ကြပြီး ဆရာတော်၊ သံဃာတော်များ၊ ဝတ်အသင်းသူများက အပြင်အောင်ခြင်းရှစ်ပါး ပါဠိနှင့် ပရိတ်ကြီး (၁၁)သုတ်မှ ဓဇဂ္ဂသုတ်ကို ရွတ်ပွားပူဇော်ကြသည်။

ဆက်လက်၍ မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ အဖွဲ့ဝင်(၁)ဒုတိယဗိုလ်မှူးကြီး အောင်စိုး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မြင့်ကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမင်းထွန်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချစ်မောင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးမောင်ဝင်း၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာအကြီးအကဲများက သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အမျှပေးဝေကာ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်၍ အောင်မြင်စွာ ပြီးမြောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**ညီညွတ်ခြင်းသည် စွမ်းအင်**
**စည်းလုံးခြင်းသည် ခွန်အား**
**ပြည်ထောင်စု၏ နှလုံးသား**

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ဆရာတော်ကြီးများက အတွင်းအောင်ခြင်း(၈)ပါးပါဠိတော်၊ အပြင်အောင်ခြင်း(၈)ပါးပါဠိတော်နှင့် ဓဇဂ္ဂသုတ်တရားတော်များ ရွတ်ပွားပူဇော်ပွဲကျင်းပ



မန္တလေး ဇန်နဝါရီ ၂၆

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမတွင် ဆရာတော်ကြီးများက အတွင်းအောင်ခြင်း ရှစ်ပါး ပါဠိတော်၊အပြင်အောင်ခြင်းရှစ်ပါး ပါဠိတော်နှင့် ဓဇဂ္ဂသုတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်းနှင့် ဝတ်အသင်းအဖွဲ့က အတွင်းအောင်ခြင်းရှစ်ပါးနှင့် အပြင်အောင်ခြင်းရှစ်ပါးလင်္ကာ ရွတ်ဆိုပူဇော်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာဆရာတော်များအား အရုံဆွမ်းဆက်ကပ်ပြီးနောက် ဘွဲ့နှင်းဓမ္မာရုံတွင်အခမ်းအနားကို ဆက်လက်ကျင်းပရာ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ဆရာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာတော်အမှူးပြုသော ဆရာတော် ၁၈ ပါးက နံနက် ၈ နာရီတိတိတွင် ရွတ်ပွားပူဇော်သည့် အတွင်းအောင်ခြင်း(၈)ပါး၊ အပြင်အောင်ခြင်း(၈)ပါးနှင့် ဓဇဂ္ဂသုတ်တရားတော်များ နာယူကြည်ညိုကြပြီး ဝတ်ရွတ်အသင်းအဖွဲ့များက အတွင်းအောင်ခြင်း ရှစ်ပါးနှင့် အပြင်အောင်ခြင်း(၈)ပါး လင်္ကာရွတ်ဆိုပူဇော်ကြပြီးနောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာလောကမာရဇိန်စေတီကုသိုလ်တော် မြတ်စွာဘုရားပရိဝုဏ်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများနှင့် ထုံးသင်္ကန်းဆက်ကပ်နေမှုများကို လိုက်လံကြည့်ရှုကာ ဘုရားဖူးများစိတ်ချမ်းမြေ့စွာ ဖူးမြော်ရေး၊ အမြဲသန့်ရှင်းသပ်ရပ်ရေးတို့ကို အလေးထားဆောင်ရွက်ရန်နှင့် စိုက်ပျိုးထားသည့် အရိပ်ရအပင်များ ပျက်စီးမှုမရှိ ရှင်သန်ထိန်းသိမ်းရေးတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်အတွင်းရှိ တန်ခိုးကြီး ဘုရားစေတီတော်များ၌ တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ



မော်လမြိုင် ဇန်နဝါရီ ၂၆

မော်လမြိုင်မြို့ ကျက်သရေဆောင် ကျိုက်သလ္လံ စေတီတော်မြတ်ကြီး၏ ပဋ္ဌာန်းဓမ္မာရုံ၌ အတွင်းအောင်ခြင်း(၈)ပါး၊ အပြင်အောင်ခြင်း(၈)ပါး၊ ဓဇဂ္ဂသုတ္တတရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းကို ယနေ့နံနက်ပိုင်းကကျင်းပရာ ဩဝါဒဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ခဲ့ပြီး မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် အဘယသုတာရာမစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် ဂန္ဓဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသာသန အရှင်သူမြတ်ထံမှ ဥပုသ်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြခဲ့ကြပြီး ဆရာတော်သံဃာတော် အရှင်သူမြတ်များထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုခြင်း၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်ပြီး နံနက် ၈ နာရီတွင် ဩဝါဒဆရာတော်ကြီးများက ဦးစီးအမှူးပြု၍ အတွင်းအောင်ခြင်း(၈)ပါး၊ အပြင်အောင်ခြင်း (၈)ပါး (ပါဠိတော်)၊ ပရိတ်ကြီး (၁၁)သုတ်မှ ဓဇဂ္ဂသုတ္တ တရားတော်များကို ပါဠိတော် ရွတ်ဖတ်ပူဇော်ခြင်းကို နာယူကြည်ညိုခဲ့ကြပြီး စေတီတော်မြတ်ကြီး၏ စောင်းတန်းများတွင် ဝတ်အသင်းအဖွဲ့များက အတွင်းအောင်ခြင်း(၈)ပါး၊ အပြင်အောင်ခြင်း (၈)ပါး (ဘာသာပြန်)၊ ပရိတ်ကြီး(၁၁)သုတ်မှဓဇဂ္ဂသုတ္တတရားတော်များကို တစ်ပြိုင်တည်း ရွတ်ဖတ်ပူဇော်ခဲ့ကြကြောင်း သိရသည်။

အလားတူ မွန်ပြည်နယ်အတွင်းရှိ စေတီတော်မြတ်ကြီး၏ စောင်းတန်းများတွင် ဝတ်အသင်းအဖွဲ့များကလည်း အတွင်းအောင်ခြင်း(၈)ပါး၊ အပြင်အောင်ခြင်း(၈)ပါး (ဘာသာပြန်)၊ ပရိတ်ကြီး (၁၁)သုတ်မှ ဓဇဂ္ဂသုတ္တတရားတော်များကို ချောင်းဆုံမြို့နယ် ဆရာတော် ဦးဝါယမိန္ဒ ဦးဆောင်၍ ကျက်သရေဆောင် ရွှေမြင့်မိုရ်တောင် ကိုးခန်းကြီးဘုရား၊ ကျိုက်မရောမြို့နယ် ဆရာတော်ဝါရိန္ဒ ဦးဆောင်၍ ကျိုက်မရောဘုရားကြီး၊ မုဒုံမြို့နယ်ဆရာတော်ဘန္ဒန္တဝရဇ ဦးဆောင်၍ ကျက်သရေဆောင် ကန်ကြီးဆံတော်ရှင်စေတီတော်၊ သံဖြူဇရပ်မြို့ နယ်၌ ဆရာတော် ဘန္ဒန္တသုမန ဦးဆောင်၍ ကျိုက္ခမီမြို့ သာသနာ့ဗိမာန်ခန်းမ၊ သထုံမြို့နယ် ဓမ္မာစရိယ၊ ပိဋကတ္တယပါရဂူ ဘဒ္ဒန္တသုမင်္ဂလာဘိဝံသ ဆရာတော် ဦးဆောင်၍ ရန်အောင်မြင်စေတီတော်ဝင်းအတွင်းရှိ လမ်းမတော်ကျောင်းတိုက်၊ ကျိုက်ထိုမြို့နယ် ဆရာတော်ဘဒ္ဒန္တတေဇနိယ ဦးဆောင်၍ သာသနာ့ဗိမာန်၊ ဘီးလင်းမြို့နယ် ဆရာတော် ဒေါက်တာပညာသာမိ ဦးဆောင်၍ မဟာသန္တိသုခမြို့ဦးစေတီနှင့် ပေါင်မြို့နယ် ဆရာတော် ဘဒ္ဒန္တပညာသာမိ ဦးဆောင်၍ ကဒုံစီးတိုက်ကျောင်းတို့၌ တစ်ပြိုင်တည်း ရွတ်ဖတ်ပူဇော်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် ကျန်းမာရေးနှင့်အားကစား အသိပညာပေးဟောပြောပွဲ ကျင်းပ

သန်လျင် ဇန်နဝါရီ ၂၆

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် ကျန်းမာရေးနှင့် အားကစား အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဘက်စုံသုံးခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာရီရီဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ ၎င်းနောက် မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီဝင်းက "ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး" ခေါင်းစဉ်ဖြင့် ကျန်းမာရေးနှင့်အားကစားဆိုင်ရာ အသိပညာများကို ဆွေးနွေးဟောပြောသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ရီရီဝင်းနှင့်အတူ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန မင်္ဂလာဒုံမြို့နယ် အားကစားမှူး ဒေါ်ခိုင်ဇာဝေနှင့်အဖွဲ့က ဦးဆောင်၍ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများက ကိုယ်လက်လှုပ်ရှား အားကစားလေ့ကျင့်ခန်းများကို လက်တွေ့လေ့ကျင့်ခဲ့ကြသည်။

**ပေးအပ်**

ထို့နောက် ပါမောက္ခချုပ်က မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် မင်္ဂလာဒုံမြို့နယ် အားကစားမှူးတို့အား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့သည်။

အဆိုပါ ဟောပြောပွဲ အခမ်းအနားသို့ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူ ၅၀၀ ကျော် စိတ်ပါဝင်စားစွာ တက်ရောက်ခဲ့ကြသည်။ ထို့အပြင် မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်နှင့် မင်္ဂလာဒုံမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)ရှိ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မှ ၂၄ ရက်အထိ Zumba သင်တန်းဖွင့်လှစ်ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■

# ဘီးလင်းမြို့ရန်အောင်အေးစေတီတော်တွင် စုပေါင်းထုံးသင်္ကန်းကပ်လှူခြင်း ဆောင်ရွက်

ဘီးလင်း ဇန်နဝါရီ ၂၆

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ယနေ့နံနက်ပိုင်းကကန်သာယာရပ်ကွက်ရှိ ရန်အောင်အေးစေတီတော်တွင် ထုံးသင်္ကန်းကပ်လှူရောင်တော်ဖွင့်ခြင်း၊ စေတီတော်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် ဘီးလင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစည်သူအောင်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များစုပေါင်းကာ ဘုရားစေတီပုထိုးများအား သန့်ရှင်းရေးပြုလုပ်ခြင်း၊ အမှိုက်သရိုက်များရှင်းလင်းခြင်း၊ ထုံးသင်္ကန်းကပ်လှူ ရောင်တော်ဖွင့်ခြင်း၊ စေတီဝန်းကျင်စိမ်းလန်းစိုပြည်ရေး ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းများကို တပျော်တပါး ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဘီးလင်း(ပြန်/ဆက်)**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်၍ စုပေါင်းကုသိုလ်ပြု



**နေပြည်တော် ဇန်နဝါရီ ၂၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များမှ ဘုရားစေတီများသို့ ဘုရားဖူးလာရောက်ကြမည့် ရဟန်းသံဃာတော်များနှင့် အများပြည်သူများ စိတ်အေးချမ်းသာစွာ တရားဘာဝနာပွားများ၍ ဖူးမြော်ကြည်ညိုနိုင်စေရေးအတွက် ဘုရား၊ စေတီ၊ ပုထိုးတော်များနှင့် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရန် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သန့်ရှင်းရေးလုပ်ငန်းများ ကုသိုလ်ပြု စုပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဘုရား၊ စေတီ၊ ပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ မြို့နယ် ၁၅ မြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ကိုးမြို့နယ်၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်တို့၌ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ဘုရား၊ စေတီများနှင့် ရုပ်ပွားတော်များအား ရောင်တော်ဖွင့်ပေးခြင်း၊ ထုံးသင်္ကန်းများ ဆက်ကပ်ခြင်း စသည့်သန့်ရှင်းရေးလုပ်ငန်းများကို ကုသိုလ်ပြုဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကော့သောင်းမြို့ အောင်တော်မူစေတီတော်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ကော့သောင်း ဇန်နဝါရီ ၂၆**

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့နယ်၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက်ရှိ အောင်တော်မူစေတီတော်၌ ယနေ့နံနက် ၉ နာရီက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**စုပေါင်းကုသိုလ်ပြု**

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ စုပေါင်းပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် အောင်တော်မူစေတီတော် မုခ်ဦး၊ စောင်းတန်း၊ လှေကားများ၊ သာသနိက အဆောက်အအုံများ အနီးတစ်ဝိုက်တွင် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ စေတီတော်ရင်ပြင်ပေါ်တွင် တံမြက်လှဲခြင်း၊ ရင်ပြင်တော်အား ဆေးကြောသန့်စင်ခြင်း၊ ဂြိုဟ်ခွင်များ၊ ဂြိုဟ်တိုင်ခုံများ ဆေးကြော သန့်စင်ခြင်း၊ စေတီတော်မြတ်အား ရေညှိများ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဆင်းတုတော်များ ရေသပ္ပာယ်ခြင်းနှင့် အောင်တော်မူစေတီတော်ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်သရိုက်များ၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းဖြင့် စုပေါင်းကုသိုလ် ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





# ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၂၆**

ရှမ်းပြည်နယ် လောက်ကိုင်မြို့၌ ယနေ့နံနက် ၁၀ နာရီတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲကွပ်ကဲမှုအဖွဲ့မှ ရဲကွပ်ကဲမှုအဖွဲ့မှူး ဒုတိယရဲမှူးကြီး ညွန့်လွင်ဦး ဦးစီး၍ လောက်ကိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် စခန်းမှူးများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင်များက လောက်ကိုင်မြို့ အောင်သစ္စာမဟာခတ်ပေါင်းစု ရန်ငြိမ်းအေးစေတီတော်တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

# ရွှေသွေးဂျာနယ်ထွက်ရှိ




**နေပြည်တော် ဇန်နဝါရီ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချီလျက်ရှိသည်။

၂၈-၁- ၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ်(၄)တွင် ရွှေပိုးနှင့်ဇွန်မီတို့သည် ဦးလေးမေးသော ဉာဏ်စမ်းမေးခွန်းကို စိတ်ဝင်တစား နားထောင်ကာ စဉ်းစားအဖြေပေးကြပုံအကြောင်း တင်ဆက်ထားသည့် "ဉာဏ်စမ်း"မျက်နှာဖုံးကာတွန်း၊ ကမ္ဘာဦးစ ကျောက်ခေတ်လူသားတို့၏ ကျောက်သားများကိုအသုံးပြု၍ ရိုးရှင်းသော လူ့အသုံးအဆောင်ပစ္စည်းများအဖြစ် တီထွင်ခဲ့ပုံအကြောင်း တင်ဆက်ထားသည့် "တီထွင်မှုအစ ရှေးဦးလူတို့က" သုတဆောင်းပါး၊ ကလေးတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်မည့် ဉာဏ်စမ်းကဏ္ဍ၊ အဘိုးထံတွင် မုန့်ဖိုးအကြွေးယူသော ကီးကီအကြောင်း ဟာသဖြစ်ဖွယ် သရုပ်ဖော်ထားသည့် "ကီးကီနှင့်သူ၏ဘိုးဘိုး" နှစ်မျက်နှာကာတွန်း၊ သတ္တမတန်းကျောင်းသား မောင်ခန့်ဇော်၏ "ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံအကြောင်း တစေ့တစောင်း"စာစီစာကုံးကဏ္ဍ၊ ကလေးတို့အနေဖြင့် ပုံပြင်ကာတွန်းစာအုပ်များကို ဖတ်ခြင်းဖြင့် အကျိုးကျေးဇူးများစွာ ရရှိနိုင်ပုံအကြောင်း ရေးဖွဲ့ထားသည့် "ဖိုးလပြည့်" တစ်မျက်နှာကာတွန်း၊ ရွှေသွေးမောင်မယ်တို့အနေဖြင့် တန်ဖိုးရှိလှသော စိတ်ကောင်းနှလုံးကောင်းကို ကိုယ်စီမွေးမြူထားကာ လောကကောင်းကျိုး သယ်ပိုးတတ်ရမည်ဖြစ်ကြောင်း ရေးဖွဲ့ထားသည့် ဆရာမောင်ထည်ဝါ (ပျော်ဘွယ်)၏ "နှလုံးသားလှပါစေ" ကဗျာကဏ္ဍအပါအဝင် ရွှေသွေးစကားဝိုင်းကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# တန့်ယန်းမြို့နယ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**တန့်ယန်း ဇန်နဝါရီ ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် မြို့သန့်ရှင်းသာယာ လှပစေရန်အတွက် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းတွင် အမှတ်(၄)ရပ်ကွက်ရှိ ကံဝိန်းပရိယတ္တိစာသင်တိုက်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို နယ်မြေခံတပ်နယ်စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ကျော်သူဝင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် အဖွဲ့ဝင်တို့က လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။



အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုတွင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ စုစုပေါင်းအင်အား ၁၅၀ ခန့်က ပေါင်းမြက်များ ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းတို့ ဆောင်ရွက်ကြကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၇၇၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၆-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၅-၁-၂၀၂၃)ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၇၇၂)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၉၂၃,၅၆၈)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၈၁၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း(၆၁၄,၂၆၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀)ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်မျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုပ်ပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်)အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# ဖျာပုံမြို့ပေါ် ရှိ အထင်ကရဘုရားစေတီများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဖျာပုံ ဇန်နဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ပေါ်ရှိ အထင်ကရ ဘုရားစေတီများတွင် ခရိုင်/မြို့နယ်ဌာနဆိုင်ရာများပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယနေ့နံနက် ၇ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ဖျာပုံမြို့ပေါ် အထင်ကရ ဘုရားစေတီများဖြစ်သည့် အမှတ်(၈)ရပ်ကွက် ထူပါရုံစေတီတော်မြတ်ကြီးနှင့် အမှတ် (၄)ရပ်ကွက် မြောက်ပိုင်းဘုရားကြီးတို့တွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်လင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသက်ထားမောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် အဆင့်ဌာန ဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများပူးပေါင်း၍ ဘုရားရောင်တော်ဖွင့်ခြင်း၊ ဘုရားပရိဝုဏ်အတွင်းရှိ အမှိုက်များရှင်းလင်းခြင်း၊ မြက်ပင်များနှင့် သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို စုပေါင်း၍ လုပ်အားကုသိုလ်ပြုခဲ့ကြသည်။

အလားတူ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများရှိ ဘုရားစေတီများတွင်လည်း ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးအဖွဲ့များက ဘုရားရောင်တော်ဖွင့်ခြင်း၊ ဘုရားပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းတို့ကို ကုသိုလ်ပြု ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

၂၀၇

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၆၅ | ၂၃၁၅ | ၂၃၁၀ | ၂၂၇၅ | ၂၃၁၅ | ၂၃၄၀ | ၂၃၂၅ | ၂၃၀၀ | ၂၄၀၀ | ၂၄၁၅ | ၂၃၀၅ | ၂၃၁၅ | ၂၃၅၅ | ၂၃၅၅ | ၂၃၅၅ | ၂၅၈၅ | ၂၉၀၀ |
| 95 Ron | ၂၃၄၅ | ၂၃၉၅ | ၂၃၉၅ | ၂၃၅၅ | ၂၃၉၅ | ၂၄၁၅ | ၂၄၀၀ | ၂၃၈၀ | ၂၄၈၀ | ၂၄၉၅ | ၂၃၈၅ | ၂၄၀၅ | ၂၄၃၀ | ၂၄၃၀ | ၂၄၃၅ | ၂၆၆၅ | ၂၉၈၀ |
| HSD (500 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၀ | ၂၄၅၀ | ၂၄၉၀ | ၂၅၁၅ | ၂၅၁၀ | ၂၄၇၅ | ၂၅၉၅ | ၂၅၉၀ | ၂၄၈၅ | ၂၄၉၅ | ၂၅၃၀ | ၂၅၃၀ | ၂၅၃၅ | ၂၇၆၀ | ၃၅၀၀ |
| HSD (50 ppm) | ၂၅၂၅ | ၂၅၇၅ | ၂၅၇၀ | ၂၅၃၀ | ၂၅၇၀ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၅ | ၂၆၇၅ | ၂၆၇၀ | ၂၅၆၅ | ၂၅၇၅ | ၂၆၁၀ | ၂၆၁၀ | ၂၆၁၅ | ၂၈၄၀ | ၃၅၃၀ |
| HSD (10 ppm) | ၂၅၂၅ | ၂၅၇၅ | ၂၅၇၀ | ၂၅၃၀ | ၂၅၇၀ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၅ | ၂၆၇၅ | ၂၆၇၀ | ၂၅၆၅ | ၂၅၇၅ | ၂၆၁၀ | ၂၆၁၀ | ၂၆၁၅ | ၂၈၄၀ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၅၄ | ၂၂၃၁ |
| 95 Ron | ၂၂၃၁ | ၂၃၀၉ |
| HSD (500 ppm) | ၂၃၂၉ | ၂၄၀၅ |
| HSD (50 ppm) | ၂၄၀၃ | ၂၄၈၀ |
| HSD (10 ppm) | ၂၄၀၃ | ၂၄၈၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၂၅-၁-၂၀၂၃ ရက်မှအဆက်

ထို့အတူ ကိုအေးဆွေ၏ဘဝသည်လည်း နာရီလက်တံများကဲ့သို့ မရပ်မနား ရွေ့လျားလျက်ရှိ၏။ သို့ပါသော်လည်း ကိုအေးဆွေ၏ ဦးတည်ချက်ပန်းတိုင်ကား မရောက်သေးပေ။ မည်မျှကြာသည်အထိ စောင့်ဆိုင်းရပါမည်နည်း။ စောစောက မိတ်ဆွေဖြစ်ကာ ထွက်ခွာသွားကြသော ကိုလွန်းနိုင်၊ ကိုကျော်ဇင်တို့၏ဘဝများမှာကား မည်သို့ရှိလေသည်မသိ။ သူတို့၏ ဝတ်စားဟန်ပန် အပြောအဆိုများကို ထောက်ချင့်ပါလျှင် မိမိထက် လူနေမှုအဆင့်မြင့်ကာ ချောင်ချောင်လည်လည်ထဲက ဖြစ်ဟန်တူပေသည်။

မိမိဘဝမှာကား သူတို့၏ဘဝများနှင့် လားလားမှ မတူချေ။ နောက်ပိုင်းတွင်မူ မိမိ၏ ဖခင်ကြီးမှာ သန်သန်စွမ်းစွမ်း မရှိပါဘဲလျက်နှင့် တစ်အိမ်ထောင်လုံး၏ဝမ်းရေးကို ထမ်းဆောင်နေရသည်။ မိခင်ကြီးမှာလည်း ဖခင်ကြီးနှင့်အတူ လက်ရည်တစ်ပြင်တည်း မိမိတို့၏ဝမ်းရေးကို တွဲဖက်ကာ ရှာကြံနေရသည်။ ကိုယ်ခွဲသားသမီး မရှိတော့၍လည်း အိမ့်ဗာဟီရကိစ္စမှန်သမျှမှာ မိခင်ကြီး၏ တာဝန်များသာ ဖြစ်နေတော့သည်။

ဤကဲ့သို့ အသက်အရွယ်ကြီးရင့်ပြီဖြစ်ကြသော မိခင်နှင့် ဖခင်ကြီးတို့အား ပင်ပန်းဆင်းရဲလှသော ဘဝဆိုးမှ လွတ်မြောက်ရန်မှာ မိမိ၏တာဝန်သာဖြစ်သည်ဟု ကိုအေးဆွေက သိမြင်လာ၏။

ထို့ကြောင့်လည်း မျှော်လင့်ကြီးစွာဖြင့် မြို့တော်ရန်ကုန်သို့ အပြေးအလွှားလာကာ အလုပ်ရှာပါ၏။ သို့သော် မိမိမှန်းဆချက်များမှာ နှမ်းထွက်နှင့် မကိုက်ဘဲ ဖြစ်နေသည်မို့လည်း ရင်မောလှသည်။ ဤကဲ့သို့ ထင်တိုင်းမပေါက်ဖြစ်လာသောအခါ မိဘနှစ်ပါးအတွက် ရင်မှာ ဆို့လာခမန်း ကြေကွဲဝမ်းနည်းလာမိသည်။

ထိုအခါ ချည့်နဲ့စွာဖြင့် ထန်းပင်များကို တစ်ပင်ပြီး တစ်ပင် နေးကွေးစွာ တက်ဆင်းနေသော ဖခင်ကြီးအားလည်းကောင်း၊ ချွေးတရွှဲရွှဲဖြင့် မောပန်းစွာ မြူအိုးများကို ကူသယ်ခေါက်သယ် သယ်ပို့နေသော မိခင်ကြီးအားလည်းကောင်း တရေးရေးနှင့် မြင်ယောင်လာတော့သည်။

[ ၂ ]

ကျောက်ပန်းတောင်းမြို့ တောင်ပိုင်းရှိ မြို့ကျက်သရေဆောင် “ကုန်းတော်ပေါ်စေတီ” ဘုရားကုန်းပေါ်မှ အရှေ့ဘက်ဆီသို့ မျှော်ကြည့်လိုက်ပါမူ ညို့မှိုင်းနေသော ထန်းတောများကိုလည်းကောင်း၊ ထိုထန်းတောများကြားမှ မိတ္ထီလာသွား ကားလမ်းမကိုလည်းကောင်း၊ မြို့အရှေ့ဘက် အခြေမှကပ်လျက် ထိန်ပင်တွေ ဝန်းရံနေသည့် ထိန်ကန်ကြီးကိုလည်းကောင်း၊ ၎င်းထိန်ကန်ကြီးနှင့် ယှဉ်လျက် “စေတီကြီးဘုရား” ကိုလည်းကောင်း၊ တစ်ဖန် တောင်ဘက်သို့ လှမ်းမျှော်လိုက်ပါလျှင် စိမ်းလန်းစိုပြည်နေသည့် ခေါင်းနီတောင်တန်းနှင့် ၎င်း၏အနောက်ဘက် ကုန်းမြင့်ထက်ရှိ သပ္ပာယ်ကြည်ညိုစရာကောင်းလှသော ထုံးဖြူဖွေးဖွေးနှင့် “ရွှေတောင်ဦးစေတီ”၊ ရွှေရောင်တဝင်းဝင်းနှင့် “မြရွှေကူစေတီ” ထိုဘုရားစေတီတော်များရှိသော ကုန်းမြင့်နှင့် ခေါင်းနီတောင်တို့၏ အလယ်ချိုင့်ဝှမ်းတွင်မူ အနီရောင်လွှမ်းနေသည့် အုတ်ကန်ကြီးနှင့် ထိုဘေးရှိ ကျောက်ပန်းတောင်း မီးရထားဘူတာရုံကလေးတို့ကို စိတ်ကြည်နူးဖွယ် တွေ့မြင်နေရသည်။

တစ်ဖန် အနောက်ဘက်သို့ မျက်နှာမူလိုက်သည်ရှိသော် ခပ်ပျပျမြင်နေရသော ဝွေးချိုတောင်တန်းနှင့် ကျောက်ပန်းတောင်းမြို့ခြေထိ ကပ်လာသည့် စိမ်းလဲ့ညို့မောင်းနေသော အထပ်ထပ်ထန်းတောများ၊ ထိုထန်းတောများကြားမှ ချောက်၊ ရေနံချောင်းဘက်မှဝင်လာသည့် ကားလမ်းမကိုလည်းကောင်း၊ တံခါးအရှေ့မြောက်ဘက်သို့ လှမ်းမျှော်၍ကြည့်လိုက်ဦးမည်ဆိုပါလျှင် ရှုမျှော်သူတိုင်းအား ဘဝင်ကျ၍ အေးမြနိုင်စွမ်းရှိသော စိမ်းလဲ့ပြာမှိုင်း မြူတွေဆိုင်းနေသည့် ပုပ္ပားတောင်တော်သာကြီးနှင့် အံ့မခန်းဆန်းကြယ်စွာတည်ရှိနေသည့် တောင်ကလပ်၊ မြို့ခြေထိအောင် ထပ်လျက် ထပ်လျက် ပေါက်နေသော ထန်းတောများကိုလည်းကောင်း၊ ထိုထန်းတောများကြားမှ ပုပ္ပားတောင်ကြီးဆီသို့ တိုးဝင်ပျောက်ကွယ်သွားသော မြင်းခြံသွား ကားလမ်းမကိုလည်းကောင်း မြင်နေရမည်ဖြစ်၏။

ထိုမှတစ်ဖန် အနောက်မြောက်ဘက်သို့လည်ဆန့်လိုက်ပါမူ ရှုမဆုံးနိုင်အောင် မြိုင်ဆိုင်နေသော တစ်ပင်နှင့်တစ်ပင် အပင်ချင်းယှက်ကာ စိမ်းညို့ညို့ အသွင်ဆောင်နေကြသည့် ထန်းတောများနှင့် ၎င်းကြားမှ ညောင်ဦးသွား ကားလမ်းမကိုလည်းကောင်း တွေ့မြင်ရပေလိမ့်မည်။

ကျောက်ပန်းတောင်းမြို့မှ မြေနီ ပေ ၁၀၀ ကားလမ်းတစ်ခုသည် ညောင်ဦးနှင့် မြင်းခြံသွား ကားလမ်းမဆုံရာနှစ်ခုကြားမှ ထိုစိမ်းညို့ညို့ ထန်းတောများ အထပ်ထပ်ပေါက်လျက်ရှိသော အနောက်မြောက်ဘက်တွင် မြောက်ဘက်ယွန်းယွန်းဆီသို့ တိုးဝင်သွားလေသည်။ တစ်မိုင်ကျော်ခန့် အရောက်တွင် ကားလမ်း၏ဝဲဘက် ထန်းတောများ၏အလယ်၌ အိမ်ခြေ ၃၀၀ ကျော်ခန့်ရှိလက်ပံပင်ရွာကလေးကို သာယာစွာ တွေ့မြင်နေရလေသည်။

လက်ပံပင်ရွာလေး၏ တောင်ဘက် ထန်းတောထဲမှာမူ အသက် ၁၀ နှစ်၊ ၁၂ နှစ် အရွယ် ယောကျ်ားကလေးတစ်ဦးသည် ထန်းပင်များခြေရင်းရှိ မြူအိုးလေးများကို တစ်ဖက်လျှင် နှစ်လုံးစ၊ သုံးလုံးစ ထမ်းပိုးဖြင့် လျှိုထမ်းလျက် တစ်ခေါက်ပြီးတစ်ခေါက် အပြေးအလွှား သယ်နေလေသည်။

“မောင်အေးရေ၊ အဲဟိုဘက်က ထဖိုပင် သုံးပင်မှာ မယိုး (မြူအိုး) ချလိုက်ဦးဟေ့။ ဒီပင်ပြီးရင် အဲဒီဘက်ကို လှည့်ရမယ်”

ဝါးနှစ်ရိုက်လောက်အဝေးတွင် ထန်းပင်ပေါ်သို့ တစ်လှမ်းချင်းတက်နေသော ထန်းတက်သမားကြီးက အသက် ၁၀ နှစ်၊ ၁၂ နှစ်အရွယ် ကိုအေးဆွေလေးအား လှမ်းအော်ပြောလိုက်သည်။

“ဟုတ်ကဲ့ပါ အဖေ” ဟု ကိုအေးဆွေက မြူအိုးများကို သယ်ယူသွားရန် အားယူနေရင်း ဟုတ်ကဲ့သံပြန်လိုက်သည်။

ဤသို့ဖြင့် ကိုအေးဆွေ၏ဘဝသည် ငယ်စဉ်တောင်ကျေးကလေးဘဝကစပြီး အရွယ်နှင့်မလိုက်နိုင်အောင် အလုပ်များကို လုပ်ရရှာကာ ပင်ပန်းကျပ်တည်းလှစွာဖြင့် ဘဝကို ရင်ဆိုင်လာခဲ့ရသည်။ ကိုအေးဆွေ၏အဖေ ဦးဖိုးခသည် ထန်းတက်သမားဖြစ်၏။ အဘိုးသည်လည်း ထန်းတက်သမား ဖြစ်ခဲ့၏။ ယင်းကဲ့သို့ ထန်းပင်များကို ကိုယ်တိုင်တက်နေရစေကာမူ ကိုယ်ပိုင်ထန်းများကား မဟုတ်ချေ။ ထန်းပိုင်ရှင် ဦးမြမောင်၊ ဒေါ်လှတင်တို့ထံမှ ထန်းလျက်ပေး သီးစားဘဝဖြင့် ထန်းလှည့်ဖက်ယူ၍ ထန်းကို တက်ခဲ့ရ၏။

အမှန်မှာမူ ဦးဖိုးခ တက်နေသော ထန်းတောသည် ကိုအေးဆွေတို့ အဘိုးလက်ထက်က ကိုယ်ပိုင်ထန်းတောဖြစ်ခဲ့၏။ သို့သော် ကိုအေးဆွေ၏ အဘွားသေဆုံးစဉ်က ငွေကြေးကျပ်တည်းမှုကြောင့် ထန်းပိုင်ရှင် ဒေါ်လှတင်၏မိဘများထံ ထန်းကို အပေါင်ထားလျက် ငွေချေးငှားခဲ့ရ၏။ ကြာသော် ကျပ်တည်းလာမှုများကြောင့် “ထပ်ကြေးငွေ” များကို ထပ်၍ထပ်၍ယူခြင်းဖြင့် “ပေါင်ကြေးငွေ” မှာ များလာကာ မရွေးနိုင်တော့ဘဲ ဆုံးပါးသွားရတော့သည်။

ထိုအချိန်မှစ၍ ထန်းကို ထန်းစုပေး (သီးစား) ထန်းလှည့်ဖက်ဘဝဖြင့်ပင် ပြန်ယူရပြီး တက်လာခဲ့ရာ ထန်းပိုင်ရှင်အနေဖြင့် သမက် ဦးမြမောင်သမီး ဒေါ်လှတင်တို့က ဖြစ်ခဲ့သလို ထန်းတက်သမားဘဝဖြင့်လည်း သား ဦးဖိုးခ၊ ချွေးမ ဒေါ်ဘုမတို့က ဆက်ခံလာခဲ့ကြလေသည်။

ဦးဖိုးခသည် ရရှိလာသည့် ထန်းလျက်များထဲမှ သုံးစုတစ်စုအဖြစ် (သုံးရက်တွင် တစ်ရက်ရသော) ထန်းလျက်များကို ထန်းပိုင်ရှင်အား (သီးစားခအဖြစ်) ပေးရ၏။ ထန်းပိုင်ရှင်မှာ သုံးလှည့်တစ်လှည့်သာရသော်လည်း လူအားလည်းမစိုက်ရ၊ ငွေရင်းလည်း မစိုက်ထုတ်ရဘဲ စရိတ်ငြိမ်း အသားတင်သက်သက်ရရှိသောကြောင့် ချောင်လည်စွာဖြင့် စားသောက်နေထိုင်နိုင်ခဲ့ရုံမက ချမ်းသာကြွယ်ဝ၍ပင်လာသည်။

အမှန်တော့လည်း ထန်းပိုင်ရှင် ဦးမြမောင်တို့မှာ မိဘများလက်ထက်ကတိုင် ငွေကြေးပေါများသူများဖြစ်သည့်အားလျော်စွာ ထန်းတောများကို အပေါင်ခံခြင်းဖြင့်လည်းကောင်း၊ ယာမြေများကို အပေါင်ခံခြင်းဖြင့်လည်းကောင်း၊ ရွှေပေါင် ငွေတိုးပေးခြင်းဖြင့်လည်းကောင်း တဖြည်းဖြည်း ချမ်းသာလာသည်။ ထန်းတောများစွာကို ပိုင်ဆိုင်သူအဖြစ်သို့ ရောက်လာသည်။ ထို့အပြင် ၎င်းတို့မှာ ကိုယ်ပိုင်ထန်းတောများမှရလာသည့် ထန်းလျက်များကိုလည်းကောင်း၊ ပိုလျှံသည့်ငွေကြေးဖြင့် ဝယ်ယူသိုလှောင်ထားသော ထန်းလျက်များကိုလည်းကောင်း တက်ဈေးအထိ စောင့်ဆိုင်းသိုလှောင် ရောင်းချလေ့ရှိလေသည်။ ထိုနောက်တော့ ဦးမြမောင်သည် တဖြည်းဖြည်းနှင့် စီးပွားရေးမျက်စိမြင်လာကာ ထန်းလျက်ကိုပါမက အခြားရာသီကုန်များဖြစ်သော ဆီ၊ မန်ကျည်း၊ မြေပဲ၊ နှမ်း စသည်တို့ကို ဝယ်ယူသိုလှောင်ခြင်း၊ အခြားမြို့များသို့တင်ပို့ခြင်း စသည့် အရောင်းအဝယ် ကုန်သည်အလုပ်ကိုပါ တွဲဖက်၍ လုပ်ကိုင်လာလေသည်။ ထို့ကြောင့်လည်း ထန်းပိုင်ရှင် ဦးမြမောင်၊ ဒေါ်လှတင်တို့မှာ ပို၍ပို၍ ကြွယ်ဝလာတော့သည်။

သည်ကဲ့သို့ တစ်ဖက်မှ ထန်းပိုင်ရှင် ဦးမြမောင်တို့က တဖြည်းဖြည်း ချမ်းသာကြွယ်ဝလာသော်လည်း ထန်းတက်သမား ဦးဖိုးခ၊ ဒေါ်ဘုမတို့မှာမူကား တဖြည်းဖြည်းနှင့် ကျပ်တည်းလာသည်။ ထန်းလျက်ဈေးကောင်းသောနှစ်များဆိုလျှင် တော်ပါသေး၏။ ထန်းလျက်ဈေးမကောင်းသောနှစ်များနှင့် ကြုံကြိုက်သွားပါလျှင် မငတ်ရုံတမယ်သာ ကျန်တော့သည်။

ထန်းတက်သမားသည် သုံးစုတွင် နှစ်စုရခြင်းကြောင့် မချမ်းသာပင် ရှိစေဦးတော့၊ ချောင်လည်စွာ စားသောက်နိုင်ဖို့ကောင်းပါ၏။ အမှန်မှာ ထန်းတက်သမားသည် ထန်းလှည့်နှစ်စုပင် ရပြားသော်လည်း ထန်းအတွက် စရိတ်စကများ ကုန်ကျရသည်။ ထင်းဖိုး၊ မြူအိုးဖိုး၊ ဒယ်အိုးဖိုး၊ ရင်းထောင် ရင်းဆွဲဖိုး စသည်တို့ ကုန်ကျရသည့်ပြင် ထန်းလျက်ကျိုချက်ရန်အတွက် ထင်း၏စရိတ်က ရလာသည့်ပစ္စည်းနှင့် မကာမိအောင် စရိတ်ကြီးလှသည်။

ထို့ကြောင့်လည်း ၎င်းတို့အရပ်ရှိ ထန်းသမားလူတန်းစားမှန်လျှင် ဦးဖိုးခတို့ကဲ့သို့ ဘဝကျပ်တည်းမှုဖြင့် အမြဲတစေ ရင်ဆိုင်နေကြရသောသူများချည်းပင်ဖြစ်သည်။ သို့ဖြစ်၍လည်း ၎င်းတို့မှာ ရာသီထန်းလျက်ပေါ်ချိန်အခါ တစ်ပတ်နှင့်တစ်ပတ် အကြွေးငွေသည် ပြေလည်သည်ဟူ၍ မရှိတော့ဘဲ အမြဲ လုံးလည်လိုက်လျက်ရှိလေသည်။

ထိုသို့ အသက်ဦးဆံဖျား ထန်းပင်ကိုတက်၊ ထန်းရည်ကိုချ၊ မီးပူခံ ထန်းရည်ကို ကျိုချက်ကာ ဘဝရပ်တည်မှုအတွက် နေ့စဉ်အမြဲ လုံးပန်းနေရသော အမြဲတစေ ကျပ်တည်းဆင်းရဲလှသည့်ထန်းတက်သမားဘဝကို ဦးဖိုးခက ကောင်းကောင်းကြီး သဘောပေါက်လာသည်။ **ဆက်လက်ဖော်ပြပါမည်။**

“အသက်အရွယ်ကြီးရင့်ပြီဖြစ်ကြသော မိခင်နှင့် ဖခင်ကြီးတို့အား ပင်ပန်းဆင်းရဲလှသော ဘဝဆိုးမှ လွတ်မြောက်ရန်မှာ မိမိ၏တာဝန်သာဖြစ်သည်ဟု ကိုအေးဆွေက သိမြင်လာ၏။ ထို့ကြောင့်လည်း မျှော်လင့်ကြီးစွာဖြင့် မြို့တော်ရန်ကုန်သို့ အပြေးအလွှားလာကာ အလုပ်ရှာပါ၏။ သို့သော် မိမိမှန်းဆချက်များမှာ နှမ်းထွက်နှင့်မကိုက်ဘဲ ဖြစ်နေသည်မို့လည်း ရင်မောလှသည်။ ဤကဲ့သို့ ထင်တိုင်းမပေါက်ဖြစ်လာသောအခါ မိဘနှစ်ပါးအတွက် ရင်မှာဆို့လာခမန်း ကြေကွဲဝမ်းနည်းလာမိသည်။ ချည့်နဲ့စွာဖြင့် ထန်းပင်များကို တစ်ပင်ပြီးတစ်ပင် နှေးကွေးစွာ တက်ဆင်းနေသော ဖခင်ကြီးအားလည်းကောင်း၊ ချွေးတရွှဲရွှဲဖြင့် မောပန်းစွာ မြူအိုးများကို ကူသယ်ခေါက်သယ်သယ်ပို့နေသော မိခင်ကြီးအားလည်းကောင်း တရေးရေးနှင့် ...”

ဆရာမောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” စာအုပ်အား စာရေးသူ၏ မိသားစုခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၁-၂၀၂၃ ကြေးမုံသတင်းစာ စာမျက်နှာ(၂၃) တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်မာလွင်၏ အများသိစေရန်ကြော်ငြာတွင် ဦးကျော်သူရအောင်၏ နေရပ်လိပ်စာအဖြစ် ဖော်ပြထားသည့် ကမာရွတ်မြို့နယ်ကို မရမ်းကုန်းမြို့နယ်ဟုပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ ဝဒသမ ၀၅၅ ဧကရှိမြေကွက်အမှတ် ပ-၃၁၄၀၀၏ မြေချပါမစ် (စလစ်)မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက် အမည်ပေါက် ဒေါ်ကြည်ကြည်ငြိမ်း [၁၂/ဒဂန(နိုင်)၀၁၂၀၃၅] (ဘ)ဦးဘငြိမ်းမှ မြေချပါမစ် (စလစ်) မိတ္တူမှန် ထုတ်ပေးပါရန် မြေချပါမစ် (စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံး ကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ် (စလစ်) မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄/သဘော်ကျင်း)၊ မြေကွက်အမှတ် (ခ/၁၃၄)၊ ဧရိယာ (၀.၀၂၈) ဧက၊ မြေကွက်တည်နေရာအမှတ် (၁၃၄)၊ (၄)လမ်း၊ သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးလှမြင့် [၁၂/ဒပန(နိုင်)၀၂၂၄၉၇] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးလှမြင့်(ဖခင်)၊ ဒေါ်ပြုံး(မိခင်)နှင့် ၎င်းတို့၏ သားသမီး (၄)ဦးတွင် သားတစ်ဦးဖြစ်သူ ဦးထွန်းထွန်းဝင်း (လူပျိုကြီးဘဝဖြင့်)တို့ အသီးသီး ကွယ်လွန်သဖြင့် ကျန်သားသမီးအရင်းများဖြစ်သော ဦးစိုင်းညီညီဝင်း [၁၂/ဒပန(နိုင်)၀၃၅၈၀၄]၊ ဒေါ်ဇာဇာဝင်း [၁၂/ဒပန(နိုင်)၀၄၈၉၁၂]၊ ဒေါ်ဝင်းဝင်းသန်း [၁၂/ဒပန(နိုင်)၀၄၈၉၂၁]တို့ထံမှ GP အမှတ်- ၁၆၆၄၆/၂၀၂၂(၁၃-၉-၂၀၂၂)ဖြင့် ရရှိသူ ဦးမြင့်ထွန်း [၁၀/မလမ(နိုင်)၂၃၇၇၉၉]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ သားသမီးများ တော်စပ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ ကိတ္တိမသားသမီးများလည်း မရှိကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဦးလှမြင့်၊ ဒေါ်ပြုံး၊ ဦးထွန်းထွန်းဝင်းတို့၏ သေစာရင်းများ၊ နှစ်(၆၀)ဂရန်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်+အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို အယူခံတရားပြိုင်များသို့ အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄) ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၂၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၃၃

ဦးဘညွန့် နှင့် ၁။ ဦးစန်းရှိန်
၂။ ဦးသန်းမောင်
၃။ ဒေါ်တင်တင်မြင့်
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါက်တာထွန်းနောင်)

**(အယူခံတရားလို)** **(အယူခံတရားပြိုင်များ)**

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ နေ့စွဲပါ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှု - ၁၈၆/၂၀၂၁ အမှုတွင် ချမှတ်သောအမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၇)ရပ်ကွက်၊ (၂၄)လမ်း၊ အမှတ်- ၇၊ ပထမထပ်နေ (၂) အယူခံတရားပြိုင် ဦးသန်းမောင်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၇)ရပ်ကွက်၊ (၂၄)လမ်း၊ အမှတ်- ၃၃၊ တတိယထပ်နေ (၃) အယူခံတရားပြိုင် ဒေါ်တင်တင်မြင့် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါက်တာထွန်းနောင်) (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်သည့်အမိန့်ကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက် (၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းထားသည့်အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၂၃)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝါဝါထွေး)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် (၆၀၃)နေ (ဘ) ဦးဝင်းမောင်၏ သမီးဖြစ်သူ ဒေါ်ဝင်းဝင်းဌေး [၁၂/ကတန(နိုင်)၀၃၂၅၂၅] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိစေရန် အောက်ပါအတိုင်း ကြော်ငြာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းဝင်းဌေးသည် ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁၀)မြောက်ရပ်ကွက်၊ လယ်ယာ (၂)လမ်း၊ မြေကွက်အမှတ် (၁-က)၊ အလျား (၆၀)ပေ၊ အနံ (၁၂၀)ပေ ဦးမြင့်မောင် အမည်ဖြင့် ဂရန်ထွက်ရှိထားသော ခြံမြေအပါအဝင် မြေပေါ်မြေအောက် ပိုင်ဆိုင်မှု အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ပိုင်ရှင်ဖြစ်သူ ဦးမြင့်မောင် [၇/ပမန(နိုင်)၀၀၉၈၇၇]ထံမှ ဝယ်ယူမည်ဖြစ်ပါသောကြောင့် ထိုခြံမြေနေရာအား အရောင်းအဝယ်ပြုလုပ်ရာတွင် ကန့်ကွက်လိုသူများရှိပါက ယခုသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီဂီလှိုင်(L.L.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၂၁၇၇ (၂၈-၂-၂၀၁၇)**
**အမှတ်-၁၈၊ ရွှေဆံတော်ဘုရားလမ်း၊ တွံတေးမြို့။ ဖုန်း- ၀၉-၅၀၄၄၁၆၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆင်ရေကန်လမ်း၊ အမှတ်(၄၅)တည်ရှိရာ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (23-E 1)၊ မြေကွက်အမှတ် (ပဉ္စမတန်းစား ၂၆၃)၊ မြေအမျိုးအစား- နှစ်(၆၀) မြေငှားစာချုပ်၊ အမည်ပေါက်-ဒေါ်အေးကြိုင် [၁၂/အလန(နိုင်)၀၃၁၂၁၅]၊ ဒေါ်အေးခိုင် [၁၂/အလန(နိုင်)၀၃၁၀၄၅] မြေကွက်အား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်အေးကြိုင်သည် (၁၁-၁၁-၂၀၂၀)ရက်နေ့တွင် လည်းကောင်း၊ ၎င်း၏ခင်ပွန်း ဦးအုန်းမောင်သည် (၂၅-၄-၂၀၂၀)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ကြောင်း ၎င်းတို့မှ ဒေါ်ခင်စိုး၊ ဒေါ်လှဌေး၊ ဦးနိုင်ဦး၊ ဒေါ်ခင်ချိုချို၊ ဒေါ်စိုးစိုးမင်း သား/သမီး (၅)ဦးတည်းကိုသာ မွေးဖွားခဲ့ကြောင်း၊ သား/သမီး (၅)ဦးအနက် ဒေါ်ခင်စိုးသည် (၂၉-၁၁-၂၀၂၀)ရက်နေ့တွင် ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက် ခင်ပွန်းဖြစ်သူ ဦးသစ်လွင် [၁၂/ဒဂန(နိုင်)၀၁၈၉၈၁]မှလည်းကောင်း၊ ဦးနိုင်ဦးသည် (၂၀-၅-၂၀၂၂)ရက်နေ့တွင် ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက် ဒေါ်ဂင်အေ [၆/ထဝန(နိုင်)၀၁၈၇၃၉]မှလည်းကောင်း၊ ကျန်သား/သမီးများဖြစ်ကြသော ဒေါ်လှဌေး [၅/အတန(နိုင်)၀၀၃၃၅၁]၊ ဒေါ်ခင်ချိုချို [၁၂/အလန(နိုင်) ၀၃၁၀၄၆]၊ ဒေါ်စိုးစိုးမင်း [၁၂/အလန(နိုင်)၀၃၁၁၄၇]မှလည်းကောင်း၊ အမည်ပေါက် ဒေါ်အေးကြိုင်၏ သားသမီးများတော်စပ်ကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ဒေါ်အေးကြိုင်၏ အစုကို အမွေဆက်ခံပိုင်ဆိုင်ကြောင်း (၁၆-၁-၂၀၂၃)ရက်နေ့တွင် ဒေါ်လှဌေး၊ ဒေါ်ခင်ချိုချို၊ ဒေါ်စိုးစိုးမင်း၊ ဦးသစ်လွင်၊ ဒေါ်ဂင်အေတို့မှ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၌ ကျမ်းကျိန်ဆိုသည့် ကျမ်းကျိန်လွှာအမှတ် (၈၃၂/၂၀၂၃)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဒေါ်အေးကြိုင်၊ ဦးအုန်းမောင်၊ ဒေါ်ခင်စိုး၊ ဦးနိုင်ဦးတို့၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ မြေငှားစာချုပ်(ဂရန်)တို့ကို တင်ပြ၍ အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်အေးခိုင်နှင့်အတူ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆/၃၊ မာလာမြိုင်လမ်း၊ မြေကွက်အမှတ်-၃၈၈ ပေါ်တွင် တည်ဆောက်ထားသည့် ၂ခန်းတွဲ ၆ ထပ်တိုက်အဆောက်အဦ၏ ပဉ္စမထပ် (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၉ပေx၅၄ပေ)ခန့်ရှိ ရေမီးစုံလင်စွာပါရှိသည့် တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုလာသူ ဒေါ်စုမွန်ကို [၁၂/သဃက(နိုင်)၁၅၄၉၁၀] (၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဖခင် ဦးအေးကို [၁၂/သဃက(နိုင်)၀၂၆၄၀၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိထားဖြူ**
**LL.B,D.B.L,D.I.L, MA (Business Law), D.I.P.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၀၅)**
**အမှတ်- ၁/ဒီ၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊**
**ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၅၀၅၈၇၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၉)၊ အကွက်အမှတ် (၁၁၅/က)၊ ပတ္တမြားလမ်းပေါ်ရှိ ဦးတင်ရွှေ [၁၂/မဂတ(နိုင်)၀၂၉၉၈၂]အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက် အကျယ်အဝန်း (၂၀x၆၀)ပေမှ မခွဲစိတ်ရသေးသော (၁၀x၆၀)ပေ ခြေရင်းဘက်အခြမ်းရှိ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရပ်ကတိ အရောင်းအဝယ် ဆက်စပ်စာချုပ်များဖြင့် လက်ရှိဝယ်ယူ လက်ဝယ်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန်းစန်းထွေး [၁၂/ဒဂတ(နိုင်) ၀၇၁၆၂၆]ထံမှ ကျွန်မ ဒေါ်ဌေးဌေးအောင် [၁၂/ဒဂတ(နိုင်) ၀၃၉၂၂၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဌေးဌေးအောင်[၁၂/ဒဂတ(နိုင်) ၀၃၉၂၂၃]**
**ဖုန်း-၀၉ ၂၅၄၄၉၂၅၆၅**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂၁)ရပ်ကွက်၊ မြေကွက်အမှတ်(၁၁၃၉)ဟု ခေါ်တွင်သော (၄၀ပေx၆၀ပေ)အကျယ်ရှိ ပါမစ်မြေအမျိုးအစား မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးမျိုးအောင်(BV- ၀၁၆၅၂၄) [၁၂/ဥကတ(နိုင်)၀၆၃၂၃၆]က ပါမစ်အမည်ပေါက် ပိုင်ဆိုင်ပြီး ယခုရောင်းချသူ ဦးညီညီအောင်[၅/ခဥန(နိုင်)၀၅၃၄၅၇]က ပါမစ်အမည်ပေါက်ထံမှ အဆက်ဆက်အရောင်းအဝယ်ကတိစာချုပ်များဖြင့် ဝယ်ယူလက်ဝယ်ရရှိပိုင်ဆိုင်ထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် မြေကွက်ဖိုးငွေ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများ၊ တရားဝင်မှတ်ပုံတင် စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီ မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးစွမ်းထက်ပိုင်** | **ဒေါ်ပိုးဇာနည်ဝင်း** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၀၆)** | **အထက်တန်းရှေ့နေ** |
| **LL.B, DBL, DIL, MA(Business Law)** | **LL.B (စဉ်-၅၀၅၉၅)** |
| **ဖုန်း- ၀၉-၄၃၀၉၄၆၇၂** | **ဖုန်း-၀၉-၇၉၉၈၉၀၄၉၂** |

**တိုက်(၁၄)၊အခန်း(B-1/B-2)၊ မဟာမြိုင်အိမ်ရာ ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

## သက်ဆိုင်ပါကကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ သုဒ္ဓသန(၂)လမ်း၊ အမှတ်(၁၂၀/A)၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိမြေကွက်ပေါ်တွင် ကန်ထရိုက်တာ ဦးကိုကို[၁၂/ဗဟန(နိုင်)၀၇၉၆၅၉]မှ ဆောက်လုပ်လျက်ရှိသော (၆)ထပ်တိုက်၏ ပထမထပ်(ညာ)ဘက် အကျယ်အဝန်း (၁၇ပေx၅၄ပေ)ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကန်ထရိုက်တာမှ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အဆိုပြုမြွက်ဟကမ်းလှမ်းချက်အပေါ် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်သဘောတူသည့်အတွက် တိုက်ခန်းရောင်းချရန်သတ်မှတ်တန်ဖိုးငွေများအနက်မှ တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ သက်ဆိုင်ပါက ကန့်ကွက်လိုပါလျှင် ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မေမီစော (LL.B)** | **ဒေါ်ဆွေဇင်နှင်းဇော်(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၉၄၀၈)** | **အထက်တန်းရှေ့နေ(စဉ်-၅၄၄၉၉)** |
| **ဖုန်း-၀၉-၇၉၅၃၉၉၆၃၈၊** | **ဖုန်း-၀၉-၄၂၁၀၉၇၈၃၂၊** |
| **၀၉-၄၂၃၇၂၄၈၂၄** | **၀၉-၇၈၈၂၃၆၁၄၇** |

**အမှတ်-၅၆၅၊ ပထမထပ်၊ အခန်းအမှတ်(၁၀၃/စီ)၊ MAC Tower ၊**
**ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## KEMPER LIMITED
### (မှတ်ပုံတင်အမှတ်- ၁၁၈၉၀၂၂၄၆)
### (အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
### လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ပုဒ်မ- ၂၁၁ အရ ကြေညာခြင်း
### နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

Kemper Limited ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်-

**အစည်းအဝေးကျင်းပမည့်ရက်** ။ ။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ(၂၇)ရက်။
**အစည်းအဝေးကျင်းပမည့်အချိန်**။ ။ နံနက် ၁၀:၀၀ နာရီ
**အစည်းအဝေးကျင်းပမည့်နေရာ**။ ။ ကုမ္ပဏီရုံးခန်း

Kemper Limited ၏ စာရင်းများကို ပြုစုဆောင်ရွက်ထားပြီး အစုရှင်များသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် ကျင်းပပြုလုပ်မည့် အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများတင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

**ဒေါ်စိမ့်စိမ့်မျိုး**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**အမှတ်(၁)၊ အခန်း(၃/အေ)၊ မိုးကောင်းလမ်း၊ (၁၄) ရပ်ကွက်၊**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**၀၉ ၄၂၁၁ ၅၈၆၈၃**

## "အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အသိပေးကြေညာချက်"

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ 7မိုင်၊ ပြည်လမ်း၊ အမှတ်(33-F)၊ ရတနာလမ်းတွင် တည်ရှိသော CYPRESS COMPANY LIMITED သည် အောက်ပါလုပ်ငန်းအမည်နှင့် ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ တစ်ဦးတည်းမူပိုင်ကုန်အမှတ်တံဆိပ်အဖြစ် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် မှတ်ပုံတင်သွင်းကာ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းအမျိုးမျိုးနှင့် ထည့်သွင်းထုပ်ပိုးပစ္စည်းများပေါ်တွင် ဖိနှပ်၊ ကပ်နှိပ်၊ ရိုက်နှိပ်အသားတံဆိပ်ပြုလုပ်၍ အသုံးပြုသွားမည်ဖြစ်ပါသည်-

RHINO

အထက်ဖော်ပြပါ လုပ်ငန်းအမည်နှင့်ကုန်အမှတ်တံဆိပ် အမှတ်အသားသည် CYPRESS COMPANY LIMITED၏ တစ်ဦးတည်းမူပိုင် ဖြစ်သည့်အတွက် ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ ပုံတူပုံမှား၊ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းများ လုံးဝမပြုလုပ်ပါရန်နှင့် ယင်းသို့ပြုလုပ်ကြောင်း တွေ့မြင်ကြားသိရပါက ချိုးဖောက်သူအပေါ် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**CYPRESS COMPANY LIMITED ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**Shwe Myanmar San Law Firm**
**ဦးမျိုးသက်ပိုင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၉၇၈/၂၉-၅-၂၀၂၀)**
**အမှတ်(၉၀၅)၊ ရွှေဂုဏ်သူအိမ်ရာ၊ အောက်ကြည့်မြင်တိုင်လမ်း၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၁၁၅၃၄၅**

## "လုပ်ငန်းအမှတ်တံဆိပ်အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ပြည်လမ်း၊ တော်ဝင်စင်တာ၊ အမှတ်-၄၀၅၆၊ တတိယထပ်တွင်တည်ရှိသော MYANMAR PSM COMPANY LIMITED၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်-(၁၀၇၆၄၆၆၁၂)သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အားရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်မူပိုင်ရှင်ဖြစ်ပါသည်-

PSM INTERNATIONAL COLLEGE

**စာချုပ်အမှတ်- ၇၀၈၅ /၂၀၂၂ (နေ့စွဲ- ၆- ၉-၂၀၂၂)**

အထက်ဖော်ပြပါ "PSM"ဟူသောအမည်အမှတ်အသားဖြင့် Business Management, HR, Marketing စသည့် စီးပွားရေးစီမံခန့်ခွဲမှုမဟာဘွဲ့ (MBA)သင်တန်းများ၊ နိုင်ငံတကာအဆင့်မီ သင်တန်းများအား ဖွင့်လှစ်သင်ကြားပေးသည့် သင်တန်းကျောင်းများ ဖွင့်လှစ်ခြင်းနှင့် အင်္ဂလိပ်စာ၊ ဂျပန်ဘာသာစကားများ သင်ကြားပေးသော ဘာသာစကားသင်တန်းကျောင်းများအား မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဖွင့်လှစ်၍ အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မိုငြမ်းတုပသုံးစွဲခြင်း၊ သင်တန်းကျောင်း/ကိုယ်ပိုင်စာသင်ကျောင်းများ ဖွင့်လှစ်ခြင်း၊ တစ်နည်းနည်းဖြင့် အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးတားမြစ်ပါသည်။ မိုငြမ်းတုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**MYANMAR PSM COMPANY LIMITED ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့်** | **ဒေါ်နှင်းယုယဖြိုး** |
| **(LL.B, D.B.L, D.I.L, D.M.L)** | **(LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇)** | **အထက်တန်းရှေ့နေ(စဉ်-၅၁၅၆၇)** |

**The Solution Power Legal Consultant and Investment Co.,Ltd**
**အမှတ်(၉၃၆)၊ ရွှေနှင်းဆီ(၂)လမ်း၊ (၉)မိုင်၊ ပြည်လမ်း၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၉၈၉၄၂၊ ၀၉-၂၀၃၉၀၄၁**

# သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

# အထူးအစီအစဉ်
# တစ်လ ကျပ်(၁,၆၆၈,၃၃၃/-)ခန့် ပေးသွင်းရုံဖြင့် အဆင့်မြင့်ကွန်ဒိုတစ်ခန်း ရရှိပိုင်ဆိုင်မည်ဖြစ်ကြောင်း ရွှေမိုးကောင်းကွန်ဒို မှ

Chinese New Year ကို ကြိုဆိုသောအားဖြင့်
(20%) အထူးလျှော့ဈေးဖြင့် ရောင်းချပေးနေပါသည်။
ပထမအရစ်ငွေပေးသွင်းပြီး ကျန်ငွေများအား
တစ်လ (1,668,333) ခန့် ပေးသွင်းရုံဖြင့် အဆင့်မြင့်ကွန်ဒိုတစ်ခန်း
ရရှိပိုင်ဆိုင်မည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။
FACILITIES အပြည့်အစုံပါရှိ၍ လူနေထိုင်ခွင့်ကျပြီး
ရန်ကင်းမြို့နယ်၊ အောင်ဇေယျလမ်း နှင့် မိုးကောင်းလမ်းမပေါ်ရှိ
ရွှေမိုးကောင်းကွန်ဒို သို့ အရောက်လှမ်းလာခဲ့ရန် ဖိတ်ခေါ်ပါသည်။
ဆက်သွယ်ရန်ဖုန်း - ၀၉ ၃၆၁၂၈၈၁၄၊ ၀၉ ၃၆၁၂၈၄၈၁




## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရလပ (မ)၂၆၊ ရွှေဘုံသာ (၅) လမ်း၊ မြေကွက်အမှတ် (၆၄၂)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ ဦးကျော်မင်းလွင် (၁၂/လသယ (နိုင်) ၀၃၁၃၂၈) အမည်ပေါက် ပါမစ်မြေကွက်၏ တရားဝင်ခွဲစိတ်ခြင်း မပြုရသေးသည့် မြေကွက်၏ (ခြေရင်းခြမ်း)၊ မြေကွက်အမှတ် (၆၄၁) နှင့် ကပ်လျက် တည်ရှိသည့်အခြမ်း၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ) ခန့်ရှိမြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဆိုလာသူ ဦးသိန်းမြင့် (၁၂/ဥကတ(နိုင်) ၀၀၀၂၄၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း (မူရင်း) များဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်အိထားဖြူ
LL.B,D.B.L,D.I.L,MA (Business Law),D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၅၀၅)
အမှတ်-၁/ဒီ၊ ဗိုလ်ရာညွှန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၅၀၅၈၇၁

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ ခေမာလမ်း၊ မြေကွက်အမှတ်(၈၈၂)ဟုခေါ်တွင်သော မြေအကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်သွင်စိန် (EI-၀၁၀၄၉၄) ၎င်း၏ကိုယ်စား အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၂၆၃/၂၀၀၆)ရရှိသူ ဦးမင်းထွန်း [၁၂/စခန(နိုင်)၀၅၇၉၀၉]၊ ဒေါ်ကြည်ဝင်း [၁၄/လပတ(နိုင်)၀၁၁၂၇၁]တို့မှ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ဖြူဖြူထွန်း[၁၂/မဘန(နိုင်)၁၁၉၆၂၅]မှ အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး၊ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ဖြူဖြူထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သူဇာအောင်**
**LL.B, D.B.L, D.I.L, WIPO(G.C.I.P Switzerland)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၁၈၇၉/၁၇)**

**ဒေါ်ခင်ပြုံးလှိုင်**
**LL.B**
**အထက်တန်းရှေ့နေ**
**(စဉ်-၄၉၂၉၉)**

**ရုံး-တိုက်အမှတ်(၂၈၃/၆)၊ ကျောင်းလမ်း၊ သုဝဏ္ဏကျောင်းရှေ့၊**
**(၂၅)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၃၆၅၄၀၄၀၊ ၀၉-၇၇၃၁၃၁၄၈၄**

## အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးလှရွှေ [၁၂/လကန(နိုင်) ၀၇၄၆၀၁]၏ သမီးဖြစ်သူ မခြူးမြင့်မြတ်သော် [၁၂/လကန(နိုင်) ၂၆၄၉၆၄]သည် မိဘ၏ဆိုဆုံးမမှုကို မနာခံပါသဖြင့် ယနေ့မှစ၍သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**အဖ-ဦးလှရွှေ [၁၂/လကန(နိုင်) ၀၇၆၄၀၁]**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ ယုဇန(၂)လမ်း၊ အမှတ်-၁၄ ဟုခေါ်တွင်သည့် အလျား ၂၀ ပေ၊ အနံ ၆၅ ပေရှိ နေအိမ်နှင့် ခြံမြေတို့၏ အကျိုးခံစားခွင့် အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ ဒေါ်မာလာနွယ် [၁၂/မဂတ(နိုင်)၀၀၁၀၀၈]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်မြတ်မြတ်စိုးက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ရာ ယင်းအိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်မည့်သူမရှိပါက ဤအိမ်ခြံမြေရောင်းဝယ်မှုအား ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေပါသည်။

**ဒေါ်မြတ်မြတ်စိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝင်းဝင်းသန်း (LL.B)**
**(စဉ်-၈၉၁၅/၁၃)**

**ဒေါ်ဖြိုးအိအိဇာ(LL.B)**
**(စဉ်-၁၆၈၁၃/၂၀)**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၁၈၊ ရွှေဝါလမ်း၊ ဒါရ်ဂါရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း- ၀၉-၇၉၆၃၄၈၈၇၉**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ (၁၁) ရပ်ကွက်၊ တက္ကသီလာ (၃)လမ်းနှင့် ဦးဘခင်လမ်းထောင့်၊ အမှတ်(၄၆၃)ဟုခေါ်တွင်သော အလျား ၄၅ပေx အနံ၆၀ပေ အကျယ်ရှိ ဂရန်မြေကွက်အနက်မှ တရားဝင် မခွဲစိတ်ရသေးသော (ခေါင်းရင်းဘက်ခြမ်း) အလျား ၂၅ပေxအနံ၆၀ပေ အကျယ်ရှိ မြေကွက်အားအရှုပ်အရှင်းကင်းစွာဖြင့် လက်ဝယ်ထားရှိပိုင်ဆိုင်လျက်ရှိကြောင်းနှင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မွန်မွန်သူ [၁၂/ရကန(နိုင်)၀၀၂၉၅၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ဝေဖြိုး [၇/ပခန(နိုင်) ၁၈၄၅၅၂]က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**
**ဦးပြည့်ဖြိုးပိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၄၂၇)**
**အမှတ်(၁၇၅၉)၊ ကျွန်းရွှေမြိုင်(၂)လမ်း၊ (၁၈) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉ -၇၈၇၀၇၅၉၄၂**

## "CTMCC–HTE MYANMAR LIMITED"
## အစုရှယ်ယာရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

"CTMCC–HTE MYANMAR LIMITED"၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက် ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့် အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်–

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။
အစည်းအဝေးကျင်းပမည့်ရက် ။ ။ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇)ရက်
အစည်းအဝေးကျင်းပမည့်အချိန် ။ ။ နံနက်(၁၀:၀၀)နာရီ
အစည်းအဝေးကျင်းပမည့်နေရာ ။ ။ ကုမ္ပဏီရုံးခန်း

**ဒေါ်ခင်ဦးဟန်**
**B.Act, CPA**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၅) ရပ်ကွက်၊ သခင်တင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ-၁၄)၊ မြေကွက်အမှတ် (၁၁၇၉-က+ခ) ဟုခေါ်တွင်သော ဒေါ်နီလာဝင်းမောင် အမည်ပေါက် နှစ်(၆၀) ဂရန်မြေအမျိုးအစား၊ အကျယ်အဝန်း (အလျား ၄၀ပေx အနံ၆၀ ပေ) ရှိ ဝင်းခြံမြေနှင့် ယင်းဝင်းခြံ၏ မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ရောင်းချသူ ဦးခင်ဇော်ဟိန်း [၈/မမန(နိုင်)၁၈၄၆၈၇]က အမည်ပေါက်သူ၏ ကိုယ်စားလှယ်ရရှိသူထံမှ ဝယ်ယူပိုင်ဆိုင်၍ လက်ရှိ/လက်ဝယ်ထားပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်မြက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ဝင်းခြံမြေနှင့် ယင်းဝင်းခြံ၏ မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်တို့နှင့် ပတ်သက်သော ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း တိကျခိုင်မာသော (မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇင်လင်းအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၄၄)**
**09-986 252 417, 09 400 462 518**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ ဒုဋ္ဌဝတီလမ်း၊ မြေကွက်အမှတ်(၅၇၀)၏ မြေအကျယ်အဝန်း(၄၀x၆၀)ပေထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၅၆၉)နှင့် ကပ်လျက်ဘက်ခြမ်း၏ မြေအကျယ်အဝန်း(၂၆x၆၀)ပေရှိ ဦးလှငွေ [၁၂/ကမရ(နိုင်) ၀၃၉၂၉၈]အမည်ပေါက် နှစ်(၆၀) ဂရန်(မူရင်း)ဘက်ခြမ်း မြေအမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးနိုင်အောင် [၁၃/မပတ(နိုင်) ၀၀၁၀၀၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေတချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**REALITY KING LAW FIRM**
**ဦးဇော်မျိုးအောင် (LL.B,D.I.L) (စဉ်-၁၁၄၆၂)** **ဒေါ်ခင်အေးသန်း (LL.B,D.B.L,D.I.L,WIPO(Switzerland)) (စဉ်-၉၁၁၉)**
**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/မြောက်၊ မြေကွက်အမှတ်-၁၈၆(က)ဟုခေါ်တွင်သော အကျယ်အဝန်း(အလျားပေ၂၀x အနံပေ၆၀)(၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/မြောက်ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်-၁၈၆(က)ဟုခေါ်တွင်သည့် နေအိမ်အပါအဝင် ယင်းနှင့်ဆက်နွယ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိအမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးအောင်ကျော်မိုး [၉/အမဇ(နိုင်)၀၂၉၀၆၆]မှ အမည်ပေါက်ပိုင်ဆိုင်ပြီးတရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းသောကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းများမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စများကို ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကြိုင်(LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၄၉)**
**တိုက်(၁)၊ အခန်း(၅၀၆)၊ သာယာရွှေပြည်အိမ်ရာ၊ သာယာရွှေပြည်လမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၄၁၆၈၈၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ သုတလမ်း၊ မြေကွက်အမှတ်(၄၂၀)၊ မြေအကျယ်အဝန်း(၁၀ပေ x ၆၀ပေ)၊ (ခေါင်းရင်းခြမ်း)၊ မြေကွက်အမှတ်(၄၁၉) နှင့်ကပ်လျက်ဘက်အခြမ်းရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုလက်ရှိလက်ဝယ်ပိုင်ဆိုင်ထားသူများဖြစ်ကြသော ဦးကျော်ဆန်း [၇/ပမန(နိုင်) ၀၁၁၁၇၄]နှင့် ဒေါ်မွန်မွန် [၁၂/ဥကတ(နိုင်)၀၃၉၅၅၀]တို့သည် မိမိတို့သာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်ကြည် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ပန်းလှိုင်လမ်း၊ အမှတ်(၇)ပေါ်တွင် ဆောက်လုပ်ထားသော (၈)ထပ်ခွဲတိုက်၏ ပထမထပ် (၂-လွှာ)၊ (Hall)၊ အကျယ်အဝန်း (၂၅x၄၅)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီး ဓာတ်လှေကား အပါအဝင် အကျိုးခံစားခွင့်များကို အပျောက်စနစ်ဖြင့် ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင် စောကင်မွှေး(ခ) ဒေါ်ကျင်သန်း(ခ) ဒေါ်ကျင်မွှေး[၉/လဝန(ပြု)၀၀၀၀၁၉]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်း နှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ်ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| ဒေါ်အေးမြင့်ရီ | ဒေါ်စိုးစိုးမြင့် | ဦးသိန်းညွှန့် |
|---|---|---|
| B.Sc, DA, HGP, R.L, DBL, DML, DIL | LL.B | BA, HGP, R.L, DBL, DML, DIL |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၃၁၇၃) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၆၃) | တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁) |

**အမှတ်-၁၀၁၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၈၈၂၇၅၉၀, ၀၉-၄၂၀၁၃၅၉၆၃, ၀၉-၅၀၅၃၁၀၇**

## အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း

## မိုဟမ္မဒ်ယူနွတ်စ်(ခ)ဆရာကြီး ဦးထွန်းသိန်း

**နာယကကြီး၊ အစ္စလာမ့်ရှေ့ဆောင်ဂျမာအတ်(ဇာဒီပြင်ရွာ) မူလတန်းကျောင်းအုပ်ကြီး(ငြိမ်း)**

**အသက် (၈၉)နှစ်**

ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ ဇာဒီပြင်ရွာနေ [မိုဟမ္မဒ်ယာကုဗ်(ခ) ဆရာဦးယာကူ-ဒေါ်ငွေအောင်]တို့၏ သားကြီး၊ ဒေါ်သိန်းရီ(ခ)ဒေါ်မဲတူ၏ခင်ပွန်း၊ ရှိုက်ခ်မိုဟမ္မဒ်ယူစွဖ်(ခ)ဦးထွန်းမောင် (နည်းပြ၊ မြန်မာအာရဗီသိပ္ပံ၊ သံတွဲမြို့)နှင့် ဒေါ်ရှုဖီ(ခ)ဒေါ်သန်းခင်တို့၏ အစ်ကိုကြီး၊ အမီးရ်နူရွှဒ္ဒင်ဦးခင်မောင် (ဟေမာယတွလ်အစ္စလာမ်၊ မြန်မာအာရဗီသိပ္ပံနှင့် ဥယျာဉ်မှူး အစ္စလာမ့်ပညာရေးသုတေသနအဖွဲ့တို့၏ ဦးသျှောင်)-ဆရာမဒေါ်ရီရီဦး (အလပြ-ငြိမ်း)၊ ဦးမြင့်ကျော်-ဒေါ်စိုးသန်းလေးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ငါးယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၄-၁-၂၀၂၃ ရက်တွင် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၅-၁-၂၀၂၃ ရက်တွင် ဇာဒီပြင်ရွာ ကဘာရ်စတန်ဥယျာဉ်တော်၌ ဒဖ်နာပြုလုပ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၁-ရပ်ကွက်၊ ၅၁-လမ်း၊ အမှတ် (၁၂/၁၂၄)၊ ၆-လွှာ (အလယ်ခန်း)ဟု ခေါ်တွင်သည့် တိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါ တိုက်ခန်းကို တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်ကေသွယ်မိုး [၁၂/ပဇတ(နိုင်)၀၁၁၅၁၅]**ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော်(စဉ်-၄၀၃၅)**

**LL.B,DBL,DML,DIL,DLP,WIPO (Switzerland)**

**ဒေါ်အေးအေးစိုး(စဉ်-၅၈၂၇) B.Sc,Hon(IC),HGP,R.L,D.B.L.**

**တရားလွှတ်တော်ရှေ့နေများ**

**ဦးရဲမြင့်ထွန်း(LL.B) (စဉ်- ၅၀၅၂၂) အထက်တန်းရှေ့နေ**

**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

**Tel: 294766, HP: 09-5017044**

---

## ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ အမှတ်(၃)ရပ်ကွက်၊ တာဝတီံသာလမ်း၊ အကွက်အမှတ် (၁၁)၊ ဈေးကြီးတောင်၊ ဦးပိုင်အမှတ် (၁၁)၊ ဧရိယာ (၀.၀၇၈)ဧကရှိ မြေ/အဆောက်အအုံ (ထီးပုံ/နန်းပုံအိမ်ကြီး)နှင့် စပ်လျဉ်းပြီး အများသိစေရန်

အဆိုပါ မြေနှင့်အဆောက်အအုံမှာ မြို့မြေစာရင်းတွင် **ဒေါ်သန်းယင်၊ ဒေါ်ခင်ခင်ယင်၊ ဦးဘသိန်းယင်**တို့ (၃)ဦး တရားဝင် အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပါသည်။ အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်ခင်ယင်မှာ အိမ်ထောင်မရှိ အပျိုကြီးဘဝဖြင့် ကွယ်လွန်သွားပြီးဖြစ်ပါသဖြင့် အမည်ပေါက်ပိုင်ရှင် ဒေါ်သန်းယင်၏ အမွေဆက်ခံပိုင်ဆိုင်သူ ဦးထွန်းခင်၏သမီး ဒေါ်ခင်နှင်းသန်း၊ ဦးဝင်းခင်၏ သားများဖြစ်ကြသော ၁။ ဦးကျော်သူဝင်း [၁၂/သဃက(နိုင်)၁၄၄၆၉၈]၊ ၂။ ဦးညဏ်သူဝင်း [၁၂/ဒဂမ(နိုင်)၀၂၁၂၂၅]၊ ဦးသင်းခင်၏ သားများဖြစ်ကြသော ၁။ ဦးဖေယျာသင်း [၁၂/သဃက(နိုင်)၁၄၂၄၉၁]၊ ၂။ ဦးကျော်စွာသင်း [၁၂/ဒဂမ(နိုင်)၀၂၁၂၂၇]၊ ဦးထက်ပိုင်သင်း [၁၂/ဒဂမ(နိုင်)၀၂၁၂၂၆]နှင့် အမည်ပေါက်ပိုင်ရှင် ဦးဘသိန်းယင်၏ အမွေဆက်ခံပိုင်ဆိုင်သူ သမီးများဖြစ်ကြသော ဒေါ်မေသင်းကြူ [၁၂/မဂတ(နိုင်)၀၁၅၈၉၂]နှင့် ဒေါ်နီနီအောင် [၁၂/မဂတ(နိုင်)၀၁၂၈၆၈]တို့သာလျှင် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**အမွေဆက်ခံပိုင်ဆိုင်သူများ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော်(စဉ်-၄၀၃၅)**

**LL.B, DBL, DML, DIL, DLP, WIPO (Switzerland)**

**ဒေါ်အေးအေးစိုး (စဉ်-၅၈၂၇)**

**B.Sc, Hon (IC), HGP, R.L, D.B.L.**

**တရားလွှတ်တော်ရှေ့နေများ**

**ဦးရဲမြင့်ထွန်း(LL.B)(စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**

**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**

**Tel: 294766, HP: 09-5017044**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီ ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/မြဝတီ၊ ဦးပိုင်အမှတ် (၃၉)၊ ဧရိယာ(၀.၁၃၀) ဧက အနက်မှ ဧရိယာ (၀.၀၃၅) ဧကအား ဦးကျော်မျိုးနိုင် (ဘ) ဦးကျော်ကျော်ထူး [၉/တကန(နိုင်)၂၀၁၈၀၁]မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်(၁၉/၂၀၂၂)၊ တပ်ကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြီး ဦးပိုင်ခွဲမြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်း နှင့်အညီ ဦးပိုင်ခွဲ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## သင့်သွေးဖြင့် အသက်ကယ်ပါ

---

## ဦးစိန်ဝမ်(မြိတ်) ကန်တော်ကလေး

**B.Com(AA), RA, DMA**

**သတ္တုပစ္စည်းလုပ်ငန်း(စက်မှု-၁)ငြိမ်း**

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ (၉၄)လမ်း၊ အမှတ် (၈၇)နေ (ဦးဘိုးကြူ-ဒေါ်ကြင်ရွှေ)တို့၏သား၊ [ဦးသိုင်းကြူ(စက်ရုံမှူး-ငြိမ်း၊ MEPE)-ဒေါ်ကြူကြူ]၊ ဦးအောင်လွင် (အလုပ်ရုံခွဲမှူး-ငြိမ်း၊ မီးခြစ်စက်ရုံ)-ဒေါ်မြမြဝင်း၊ [ဒေါ်မြစိန် (လ/ထ မန်နေဂျာ-ငြိမ်း၊ ပုလဲနှင့်ရေလုပ်ငန်း)]၊ [ဦးကြင်ဆိုင် (စက်ရုံမှူး-ငြိမ်း၊ စက်မှုစားကုန်)] - ဒေါ်ရီရီ (အထက-၆၊ ဗိုလ်တထောင်-ငြိမ်း)တို့၏ ညီ/မောင်၊ [ဦးစန်း (လ/ထ အင်/ယာ၊ ဆောက်လုပ်ရေး)]၊ ဦးမြင့်သီ-ဒေါ်မြင့်မြင့်စိန် (ကစလ-ငြိမ်း)၊ ဦးဝင်းကြူ-(ဒေါ်စန္ဒာဦး)တို့၏ အစ်ကိုသည် ၂၆-၁-၂၀၂၃ (ကြာသပတေးနေ့) နံနက် ၆:၄၅ နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၂၃ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးမောင်မောင်ဇော်

**အသက်(၆၀)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၄၃)၊ ကျွန်းတောကျောင်းလမ်းနေ (ဦးဇော်မြင့်)-ဒေါ်သန်းသန်းအေးတို့၏ သားကြီး၊ ဦးတင်ကိုကို-ဒေါ်သန္တာဇော် (ခေတ္တ-USA)၊ ဦးထိန်လင်းဇော်-ဒေါ်အေးမမခိုင် (ခေတ္တ-Singapore)၊ (ဦးလွှမ်းမိုးဇော်)တို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ ဒေါ်ဥမ္မာညို၏ ချစ်လှစွာသောခင်ပွန်း၊ မအိအိကျော်၊ ကိုအောင်ပိုင်ဦး-မဝတ်ရည်ဇော်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မဆုလင်းဝတီ၏ ချစ်လှစွာသောအဘိုးသည် ၂၅-၁-၂၀၂၃ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၇-၁-၂၀၂၃ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၁-၂၀၂၃ (အင်္ဂါနေ့)တွင် နေအိမ်၌ ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါသဖြင့် ကျန်ရစ်သူမိသားစုမှ ညိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ရှင်ဘို့မယ်၊ ဦးပိုင်အမှတ် (၁၇၄)၊ ဧရိယာ (၀.၀၇၃)ဧကအား ဦးစောခွန်သန်းထိုက် (ဘ) ဦးမြအောင် [၉/တကန(နိုင်)၁၀၄၂၂၇]မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၁၉၀/၂၀၂၂)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး အဆောက်အဦဆောက်လုပ်မိန့်တင်ပြရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်း နှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိအလယ်ရပ်၊ မြေဧရိယာ (၀.၂၂၉)ဧက၊ မြေကွက်အမှတ် (ဥ-၅၃၆၆) ဦးစိုင်းတစ်အောင် (ဘ) ဦးဟိုရီ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကို ဦးနွယ်ဦး [၁၃/လလန(နိုင်)၀၂၀၃၃၆] (ဘ) ဦးသန်းမှ နေပြည်တော်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၉၉၉/၂၀၂၁ (၂၃-၆-၂၀၂၁)တင်ပြ၍ ဒေါ်ခင်ကလျာသိန်း [၅/ကလထ(နိုင်)၀၀၀၉၃၀] (ဘ) ဦးသိန်းစိန်အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်နေ့ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ သီရိရတနာလက်ကားဈေး၊ ရုံအမှတ်(I)၊ ဆိုင်ခန်းအမှတ် (၂၁၊ ၂၂) ဆိုင်ခန်းအမည်ပေါက် ဦးကျော်ထွန်း [၁၃/နခန(နိုင်)၀၅၆၈၈၃]၏ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်အမှတ် (0000769)နှင့် (0000770) ပျောက်ဆုံး၍ အသစ်ပြန်လည်ထုတ်ပေးရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဈေးတာဝန်ခံ**
**သီရိရတနာလက်ကားဈေး**
**ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ဦးသန်းထိုက်

**အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)အသင်းဝင်**

**အထက်တန်းပြ၊ အထကခွဲလ(၁)၊ မြို့သစ်၊ မိုင်းဆတ်၊ ရှမ်း(အရှေ့)**

**အသက်(၅၉)နှစ်**

အင်္ဂပူမြို့၊ အမှတ် (၁)ရပ်ကွက်၊ မဥ္ဇူလမ်းနေ (ဦးချင်းနယား-ဒေါ်ခလေးမ)တို့၏ သားငယ်၊ မိုးဆတ်မြို့နယ်၊ ကုန်းကုလားရပ်နေ (ဦးစံတင်)-ဒေါ်သန်းရင်တို့၏ သားသမက်၊ ဒေါ်နန်းစောလှ (အလယ်တန်းပြ၊ အ.ထ.က၊ မိုင်းဆတ်)၏ ခင်ပွန်း၊ မောင်လကျ်ာမင်းခန့်-မရတနာဦးတို့၏ ဖခင် ဦးသန်းထိုက်သည် ၂၆-၁-၂၀၂၃ (ကြာသပတေးနေ့) နံနက် ၉:၁၀ နာရီတွင် အင်္ဂပူမြို့၊ အမှတ် (၁)ရပ်ကွက်၊ မဥ္ဇူလမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁-၂၀၂၃ (စနေနေ့) မွန်းတည့် ၁၂ နာရီတိတိတွင် နေအိမ်မှ အင်္ဂပူမြို့မသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အင်းစိန်လမ်း၊ အမှတ်(၆၈) ၄လွှာ ( B )တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်လှလှဝင်း [၁၄/ဟသတ(နိုင်)၀၄၃၄၁၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ကျော်လွင် [၁၂/လမတ(နိုင်)၀၂၇၄၀၅]က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသိမ့်သိမ့် (LL.B) (D.M.L)**
**အထက်တန်းရှေ့နေ (စဉ်-၂၅၀၇၁)**
**အမှတ်(၅၉)၊ (၄ဘီ)ရတနာပုံလမ်း၊ ဈေးကြီးအရှေ့ရပ်ကွက်**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၆၅၁၈၈၄၁၂**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၇- D၊ မြေကွက်အမှတ် (၁၀)၊ အကျယ် (၁၀၀-ပေx၁၀၀-ပေ)ရှိ မြေကွက် (၁)ကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဦးဇင်မင်းအောင် (ဘ) ဦးအောင်စိုး [၁၂/ရကန(နိုင်)၀၇၄၂၄၈]၏ အမည်ဖြင့် နှစ်(၆၀)ဂရန်အမည်ပေါက်ဖြစ်ပြီး ယင်းအမည်ပေါက်မှ ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၂၁၇၁၉/၂၀၂၂ ဖြင့် လွှဲအပ်ခံရသူဖြစ်ကြောင်း၊ တရားဝင် လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ အမွေဆိုင်/အရှုပ်အရှင်းကင်းကြောင်း၊ ဝန်ခံကတိပြုသူ ဒေါ်ဖြိုးသန္တာ (ဘ) ဦးဂိုယမ်မာမက် (ခ) ဦးစိုးကြည် [၁၂/ရကန(နိုင်)၀၇၄၅၁၃]၊ အမှတ်- ၂၁၊ စက်ရုံလမ်းသွယ်၊ ပြည်လမ်း၊ ၆- ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

(၇)ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထာနွယ်ခင် (တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၈၀၂၁)**
**LL.B, D.I.R, D.I.L, D.M.L, DL-101 (WIPO)**
**ဒေါ်ခိုင်ဇင်ဝင်း (LL.B, D.B.L) (တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၁၃၀၈၈)**
**အမှတ်-၄၉၁/ခ၊ ဇာနည် (၁၄) လမ်း၊ ၉- ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း- ၀၉-၅၁၉၇၉၃၂၊ Email: htarnwekhin92@gmail.com**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(က)၊ မြေကွက်အမှတ်(၆၉၉/ခ)၊ (၁၂၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်(၆၉၉/ခ)၊ နွယ်သာကီ(၂)လမ်း၊ (က)ရပ်ကွက်၊ ဒေါ်ကြည်ကြည်ဝင်း (L/RGN-၀၂၅၉၈၄) အမည်ပေါက်၊ နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်ကြည်ကြည်ဝင်း (ဇနီး)သည် (၁၁-၇-၂၀၀၀) ရက်နေ့တွင် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏ ခင်ပွန်းဖြစ်သူ ဦးစိန်မြ [၁၂/လမန(နိုင်)၁၀၃၉၃၀]မှ တရားဝင် အမွေဆက်ခံခွင့်ရှိသည့် တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်းကျမ်းကျိန်လွှာအမှတ်- ၇/၁၄၈၅/၂၀၂၂/၁၅-၇-၂၀၂၂၊ ထောက်ခံကျမ်းကျိန် (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

---

## ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၁-၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ (၂၂)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၁၀)ဦးဝင်းသူ၏ အမည်ပြောင်းတွင်လျှောက်ထားသည့်မြို့နယ်၊လှိုင်သာယာအစား မြောက်ဥက္ကလာပမြို့နယ်ဟုအမှန်ဖတ်ရှုပါရန်။

---

## ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၁-၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ (၂၂)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၁၈)ဒေါ်ပပဝင်း၏ အမည်ပြောင်းတွင်မှတ်ပုံတင်အမှတ်(၇/ဖမန(နိုင်)၀၉၆၁၄၄)ဟု အမှန်ဖတ်ရှုပါရန်။

---

## သွေးသည် အသက်

---

## ကန့်ကွက်နိုင်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၇၆/က၊ ဧရိယာ (၂၀'x၆၀')မြေကွက်တည်နေရာအမှတ်- ၇၆/က၊ တပင်ရွှေထီးလမ်း၊ ၁ ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးဝင်းလှိုင် [၈/နမန(နိုင်)၁၁၃၈၄၁] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးဝင်းလှိုင် [၈/နမန(နိုင်)၁၁၃၈၄၁] ကိုယ်တိုင်မှဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ မြေရာဇဝင်မှတ်ချက်ရှိ ၂၀၂၁ ခုနှစ်တွင် ဦးဝင်းလှိုင်မှ ဘဏ်ချေး မြေပုံကူးယူခဲ့ခြင်းနှင့်ပတ်သက်၍ ယင်းမြေပုံအားထုတ်ယူခဲ့သော်လည်း မည်သည့်ဘဏ်တွင်မျှ ငွေချေးယူခဲ့ခြင်းမရှိဘဲ သိမ်းဆည်းထားရာမှ ပျောက်ဆုံးသွားခဲ့ကြောင်း၊ အဆိုပါမြေပုံအားအခြားသူများသို့ လွှဲပြောင်းထားခြင်း၊ ရောင်းချထားခြင်း၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်လှူဒါန်းခြင်းတို့မရှိပါကြောင်း (၅-၁-၂၀၂၃)ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာတင်ပြလာသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

➢ အပေါ်ရေတိုင်ကီ ရေပြည့်သည်နှင့် ရေတင်စက်ကို အလိုအလျောက်ရပ်စေမည့် စနစ်အား အသုံးပြုပါ။ ရေများ လျှံကျသည်ကို မြင်ရ ကြားရမှ ရေမော်တာကို ပြေးပိတ်ခြင်းက လျှပ်စစ်လေလွင့်မှု ဖြစ်စေပါသည်။ မီတာခ ပို၍ ကုန်စေပါမည်။





## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

---

❖ **ဒေသတွင်းမှ ထွက်ရှိလာသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်ခြင်းဖြင့် ဒေသနှင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုကို ပိုမိုခိုင်မာစေမည်ဖြစ်…**

❖ **ကုန်ကြမ်းထွက်ရှိမှုခိုင်မာအောင် ဆောင်ရွက်ထားနိုင်မှသာလျှင် ကုန်ချောထုတ်လုပ်မှုသည်လည်း စဉ်ဆက်မပြတ်ရှိမည်ဖြစ်ပြီး ဈေးကွက်ခိုင်မာမည်ဖြစ်…**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ကရင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအား ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုများမှ ကောက်နုတ်ချက်)

---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---

## မန္တလေးတိုင်းဒေသကြီး လွှတ်တော်… 

## မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ စုံညီပွဲတော်အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၂၆

တစ်နိုင်ငံလုံး ပစ်ခတ်မှုရပ်စဲရေး ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ကြိုဆိုထောက်ခံသောအားဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီစုံညီပွဲတော်အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ မန္တလာသီရိအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ နံနက် ၇ နာရီ ၄၅ မိနစ်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV- HD Channel၊ MRTV-News Channel၊ MRTV တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း၊ MRTV Website နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

သတင်းစဉ်

---

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချီးမြှင့်သည့် ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ JMC-U အဖွဲ့ဝင် သိက္ခာတော်ရဆရာတော် စောမက်သယူးအေးထံ ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၆

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ဇန်နဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် ကျင်းပခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘွဲ့ခံပုဂ္ဂိုလ်များကို ဂုဏ်ထူးဆောင်ဘွဲ့များ တစ်ဦးချင်း ချီးမြှင့်အပ်နှင်းခဲ့သည်။

**ချီးမြှင့်အပ်နှင်း**

အဆိုပါ ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းခြင်းအခမ်းအနားသို့ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားသော်လည်းကောင်း တက်ရောက်ရယူနိုင်ခဲ့ခြင်းမရှိဘဲ အဝေးရောက်လက်ခံရယူနိုင်မည့် ဘွဲ့ခံပုဂ္ဂိုလ်များကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက ဂုဏ်ထူးဆောင်ဘွဲ့များ

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✻

---

**ယနေ့ ဖတ်စရာ**

**ကျိုက်ထိုမြို့နယ် စွပ်ပွန်းဘူတာနှင့် ကျိုက္ကသာဘူတာကြား ရန်ကုန်-မော်လမြိုင် မီးရထားလမ်းအား PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲ**

စာမျက်နှာ » ၂၀